# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်    ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၁ ရက်၊ ကြာသပတေးနေ့    အတွဲ (၆၄)၊ အမှတ်(၃၂၁)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အောင်လံမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြားစဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အောင်လံမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြား

**အောင်လံဒေသအတွင်း ဝါစိုက်ပျိုးမှုများဆောင်ရွက်လျက်ရှိသဖြင့် ဝါနှင့်ပတ်သက်သည့် စက်မှုလုပ်ငန်းများကို အခြေခံမှုစ၍ ဆောင်ရွက် ဒေသအတွင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်နိုင်ခြင်းဖြင့် ဒေသစီးပွားတိုးတက်ရေးကို များစွာအထောက်အကူပြု**

နေပြည်တော် ဩဂုတ် ၂၀

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများလိုက်ပါ၍ အောင်လံမြို့ရှိ အောင်လံခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆွေးနွေးမှာကြားသည်။


*စာမျက်နှာ ၃ ကော်လံ ၁ ✻*








နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ အောင်လံမြို့ အဝေးပြေးယာဉ်ရပ်နားစခန်း အဆင့်မြှင့်တင်တည်ဆောက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

** ရှေ့ဖုံးမှ*

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ အောင်လံခရိုင် အုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာအချက်အလက်များ၊ ဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဆန်ဖူလုံမှုအခြေအနေများ၊ အောင်လံခရိုင်အတွင်း စိမ်းလန်းစိုပြည်စေရေးအတွက် သစ်ပင်စိုက်ပျိုးပွဲများကျင်းပပြုလုပ်၍ စိုက်ပျိုးဆောင်ရွက်လျက်ရှိမှု၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု၊ အောင်လံမြို့ရှိ ဆေးရုံကြီးအား အဆင့်မြှင့်တင် ဆောင်ရွက်ပေးစေလိုမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**စနစ်တကျကြပ်မတ်ဆောင်ရွက်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အောင်လံနယ်မြေဒေသ လုံခြုံတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ အောင်လံမြို့ရှိ ဆေးရုံကြီးအား သတ်မှတ်ချက်များနှင့်အညီ အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အောင်လံမြို့ရှိ မြို့နယ်ခန်းမအား စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် မြို့သန့်ရှင်းသာယာလှပစေရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မကွေးတိုင်းဒေသကြီး၌ စိုက်ပျိုးရေးနှင့်ပတ်သက်၍ ယာမြေများကို အသွင်ပြောင်းလယ်မြေများအဖြစ်ဖော်ဆောင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို စနစ်တကျစိုက်ပျိုးဆောင်ရွက်နိုင်ခြင်းဖြင့် အထွက်နှုန်းများ ပိုမိုတိုးတက်လာစေရန်ဖြစ်ကြောင်း၊ သီးနှံအထွက်နှုန်းနှင့် ပတ်သက်၍

- **သီးနှံအထွက်နှုန်းနှင့်ပတ်သက်၍ မကွေးတိုင်းဒေသကြီးအတွင်း ပန်းတိုင်ရည်မှန်းချက် ပြည့်မီမှုမရှိသေးသည်ကို တွေ့ရ၊ ပန်းတိုင်ရည်မှန်းချက် ပြည့်မီမှုမရှိခြင်းကြောင့် အောင်လံခရိုင်တွင် နှစ်စဉ်ဝင်ငွေ ငွေကျပ် ၄၆၅ ဘီလီယံခန့် လျော့နည်းလျက်ရှိသည်ကို တွေ့ရှိရ**
- **ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင်ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုများ တိုးတက်လာမည်ဖြစ်ပြီး ဒေသတွင်းဝယ်လိုအားနှင့်ရောင်းလိုအားများ တိုးတက်ကောင်းမွန်လာကာ ဒေသစီးပွားကို များစွာအထောက်အကူပြုစေမည်**

မကွေးတိုင်းဒေသကြီးအတွင်း ပန်းတိုင်ရည်မှန်းချက် ပြည့်မီမှုမရှိသေးသည်ကို တွေ့ရကြောင်း၊ ပန်းတိုင်ရည်မှန်းချက်ပြည့်မီမှုမရှိခြင်းကြောင့် အောင်လံခရိုင်တွင် နှစ်စဉ်ဝင်ငွေ ငွေကျပ် ၄၆၅ ဘီလီယံခန့် လျော့နည်းလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုများ တိုးတက်လာမည်ဖြစ်ပြီး ဒေသတွင်း ဝယ်လိုအားနှင့်ရောင်းလိုအားများ တိုးတက်ကောင်းမွန်လာကာ ဒေသစီးပွားကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

**နည်းစနစ်တကျဖြင့် စိုက်ပျိုး**

ထို့ကြောင့် အထွက်နှုန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရေး စိုက်ပျိုးရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်းများ လုံလောက်ကောင်းမွန်စွာရရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန်လိုသကဲ့သို့ မြေကောင်းမွန်မှုရှိစေရေး မြေပြုပြင်ခြင်းလုပ်ငန်းများနှင့် သဘာဝမြေဩဇာများကို အသုံးပြုရန်လိုကြောင်း၊ အလားတူ စိုက်ပျိုးရေလုံလောက်စွာရရှိစေရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ အသုံးပြု၍ ရှိပြီးသား ရေအရင်းအမြစ်ဖြစ်သော ဧရာဝတီမြစ်ရေများကို စနစ်တကျ အသုံးချရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နည်းစနစ်တကျဖြင့် စိုက်ပျိုးရန်လည်း လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှ သီးနှံအထွက်နှုန်းများ ပိုမိုတိုးတက်ထွက်ရှိအောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ဒေသတွင်းဆန်ဖူလုံလာမည်ဖြစ်ပြီး ဒေသထွက်သီးနှံများဖြစ်သည့် ဆီထွက်သီးနှံနှင့် ပဲမျိုးစုံကိုလည်း ပိုမိုတိုးတက်ထုတ်လုပ်လာနိုင်မည် ဖြစ်သဖြင့် ဒေသအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

**ပိုမိုအထောက်အကူပြုနိုင်မည်**

လျှပ်စစ်ဓာတ်အား လိုအပ်ချက်နှင့်ပတ်သက်၍ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ ဒေသတစ်ခုတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ အောင်လံမြို့နယ်အတွင်း မွေးမြူရေးလုပ်ငန်းလုပ်ဆောင်မှုများ အားနည်းနေသည်ကို တွေ့ရှိရကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသည့်ပစ္စည်းများဖြင့် တိရစ္ဆာန်အစာများ ထုတ်လုပ်နိုင်သဖြင့် အဆိုပါတိရစ္ဆာန်အစာများကို အသုံးပြု၍ ကြက်၊ ဝက်၊ ဆိတ်၊ နွားများကို မွေးမြူနိုင်ကြောင်း၊ ထိုသို့မွေးမြူဆောင်ရွက်ခြင်းဖြင့် ဒေသစားရေးကို ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

ဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့်လူသားအရင်းအမြစ်များ ရရှိရေးအတွက် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ တောင်သူများအား စိုက်ပျိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ အသိပညာပေးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက စဉ်ဆက်မပြတ်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ အောင်လံဒေသအတွင်း ဝါစိုက်ပျိုးမှုများ ဆောင်ရွက်လျက်ရှိသဖြင့် ဝါနှင့်ပတ်သက်သည့် စက်မှုလုပ်ငန်းများကို အခြေခံမှစ၍ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက်နိုင်ခြင်းဖြင့် ဒေသစီးပွားတိုးတက်ရေးကို များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း။

**ပညာရေးကောင်းမွန်အောင်ဆောင်ရွက်**

အောင်လံခရိုင်အတွင်း ကျောင်းသား ကျောင်းသူများ တန်းစဉ်ကူးပြောင်းမှုများ အားနည်းလျက်ရှိသည်ကို တွေ့ရကြောင်း၊ တန်းစဉ်ကူးပြောင်းမှုများ မြင့်မားလာမှသာ လူတစ်ဦးချင်း၏ တိုးတက်မှုများရှိလာမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ဒေသအတွင်းစီးပွားရေးတိုးတက်ကောင်းမွန်စေရန်အတွက် ပညာတတ်လူသားအရင်းအမြစ်များ ပေါ်များကြွယ်ဝအောင် ဆောင်ရွက်ပေးကြရန် လိုကြောင်း၊ **"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"** ဆိုသည့်အတိုင်း ပညာသင်ကြားမှုအဆင့်အလိုက် တစ်ဦးချင်း၏ စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်မှုများ ကွာခြားသွားကြကြောင်း၊ ထို့ကြောင့် ကျောင်းနေရာခိုင်နှုန်းများ ကောင်းမွန်ပြီး တန်းစဉ်ကူးပြောင်းမှုများ ကောင်းမွန်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ပညာရေးကောင်းမွန်အောင်ဆောင်ရွက်ခြင်းဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

**တစ်ရွာလျှင် ထင်းစိုက်ခင်း**
**၂ ဧကနှုန်းဖြင့် စိုက်ပျိုး**

အောင်လံဒေသအတွင်း သစ်တောသစ်ပင်များကို ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ သစ်ပင်သစ်တောများ ရှိမှသာ သဘာဝဘေးဒဏ်များကို ထိုက်သင့်သလောက် လျော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် နိုင်ငံတော်တာဝန်ယူချိန်မှစ၍

*စာမျက်နှာ ၄ သို့*

**" ဒေသတစ်ခုတိုးတက်ရေးအတွက် ဒေသတွင်းနေထိုင်ကြသူများတွင် တာဝန်ရှိပြီး ဒေသကို ဦးဆောင်အုပ်ချုပ်နေသူများတွင်လည်း တာဝန်ရှိ၊ ထို့ကြောင့် မိမိတို့တာဝန်ထမ်းဆောင်နေသည့် ဒေသအတွင်း ခရိုင်၊ မြို့နယ်များအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တတ်နိုင်သမျှ အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်၊ နိုင်ငံတော်မှ ချမှတ်ပေးထားသည့်မူဝါဒများနှင့်အညီ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဒေသအတွင်းတာဝန်ရှိသူများက မှန်မှန်ကန်ကန်ဖြင့် ဦးဆောင်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်လို၊ သက်ဆိုင်ရာဌာနချင်းအလိုက်ညှိနှိုင်း၍ လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် ခရိုင်အလိုက်၊ မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ အောင်လံခရိုင်အတွင်း အခြေခံကောင်းများရှိပြီးဖြစ်သဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက် "**

*စာမျက်နှာ ၃ မှ*

ကျေးရွာများ၌ တစ်ရွာလျှင် ထင်းစိုက်ခင်း ၂ ဧကနှုန်းဖြင့် စိုက်ပျိုးရန် မှာကြားထားကြောင်း၊ အလားတူ မြို့ရွာများ၊ ရပ်ကွက်များအလိုက် တစ်အိမ်လျှင် သစ်ပင်တစ်ပင်နှုန်း နှစ်စဉ်စိုက်ပျိုးသွားမည်ဆိုပါက သစ်ပင်သစ်တောများ ပိုမိုများပြားလာမည်ဖြစ်ကြောင်း၊ လမ်းဧရိယာများ၌လည်း သစ်ပင်များစိုက်ပျိုးခြင်းဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်လာမည်ဖြစ်ကြောင်း။

**ဒီမိုကရေစီစနစ်နှင့်အညီ ဆောင်ရွက်**

မြန်မာနိုင်ငံခေတ်အဆက်ဆက်တွင် အုပ်ချုပ်ရေးစနစ်များ ပုံစံအမျိုးမျိုးဖြင့် အဆင့်ဆင့်ပြောင်းလဲလာခဲ့ကြောင်း၊ ကိုလိုနီခေတ်၌ ခရိုင်အုပ်ချုပ်ရေးကို အခြေခံသည့် မြို့ပိုင်၊ နယ်ပိုင်၊ အရေးပိုင် စသည့်ပုဂ္ဂိုလ်များက ဒေသအလိုက် လက်တွေ့အကောင်အထည်ဖော်ရသောအုပ်ချုပ်ရေးကို ဆောင်ရွက်ခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီးစ ပါလီမန်ဒီမိုကရေစီစနစ်၌လည်း ၎င်းစနစ်ကိုပင် အခြေခံ၍ ကျင့်သုံးဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၌ အုပ်ချုပ်ရေးမှူးများ၏ အပေါ်တွင် ကောင်စီဥက္ကဋ္ဌများက တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း၊ နဝတခေတ်တွင် တပ်မတော်က ခန့်အပ်သည့်ဥက္ကဋ္ဌများက ဦးဆောင်၍ ဆောင်ရွက်ခဲ့ပြီး နယကခေတ်မှစ၍ မြို့နယ်၊ ခရိုင်အုပ်ချုပ်ရေးမှူးများက ဦးဆောင်ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့ အစိုးရလက်ထက်တွင်လည်း ဒေသအလိုက် ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများက ဦးဆောင်၍ ဒေသဖွံ့ဖြိုးရေး၊ တရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေးတို့ကို ဒီမိုကရေစီစနစ်နှင့်အညီ ဆောင်ရွက်စေခဲ့ကြောင်း။

**ဒေသတစ်ခုတိုးတက်ရေးအတွက် ဒေသတွင်းနေထိုင်ကြသူများတွင် တာဝန်ရှိပြီး ဒေသကို ဦးဆောင်အုပ်ချုပ်နေသူများတွင်လည်း တာဝန်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့တာဝန်ထမ်းဆောင်နေသည့် ဒေသအတွင်း ခရိုင်၊ မြို့နယ်များအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တတ်နိုင်သမျှ အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊** နိုင်ငံတော်မှ ချမှတ်ပေးထားသည့် မူဝါဒများနှင့်အညီ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဒေသအတွင်း တာဝန်ရှိသူများက မှန်မှန်ကန်ကန်ဖြင့် ဦးဆောင်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်လိုကြောင်း၊ သက်ဆိုင်ရာဌာနချင်းအလိုက်ညှိနှိုင်း၍ လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် ခရိုင်အလိုက်၊ မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ အောင်လံခရိုင်အတွင်း အခြေခံကောင်းများရှိပြီးဖြစ်သဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အောင်လံမြို့ရှိ ရွှေတင့်ဝမ်းမွေးမြူရေးဇုန်အတွင်း ဥစားကြက်များ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**လိုက်လံကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အောင်လံမြို့ရှိ ရွှေတင့်ဝမ်းမွေးမြူရေးဇုန်သို့ ရောက်ရှိကြပြီး မွေးမြူရေးဇုန်အတွင်း ဥစားကြက်များမွေးမြူထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မွေးမြူရေးလုပ်ငန်းများအား စနစ်တကျဖြင့် ဆောင်ရွက်သွားရန်၊ မွေးမြူရေးဇုန်အတွင်း အရိပ်ရလေကာပင်များ စိုက်ပျိုးသွားရန်နှင့် သန့်ရှင်းမှုများရှိစေရေး စနစ်တကျဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အောင်လံမြို့ အဝေးပြေးယာဉ်ရပ်နားစခန်း အဆင့်မြှင့်တင်တည်ဆောက်ထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ယာဉ်ရပ်နားစခန်းအတွင်း ယာဉ်ရပ်နားမှုများ စနစ်တကျဖြစ်စေရေး ဆောင်ရွက်ရန်၊ အရိပ်ရလေကာပင်များအား စနစ်တကျစိုက်ပျိုးသွားရန်၊ ယာဉ်ရပ်နားစခန်းအနီးပတ်ဝန်းကျင်၌ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုကို အထောက်အကူပြုစေမည့် သစ်တောငယ်အား စိုက်ပျိုးဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များအား လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရုတ်နိုင်ငံ ကွမ်ရှီးရုပ်သံ ရိုက်ကူးရေးအဖွဲ့ တရုတ်နိုင်ငံသို့ ပြန်လည်ထွက်ခွာ

**နေပြည်တော် ဩဂုတ် ၂၀**

"ပွင့်လန်းသာယာ လန်ချန်း – မဲခေါင် ဂေဟာ" ရုပ်သံမှတ်တမ်း အစီအစဉ်ရိုက်ကူးရေးဆောင်ရွက်ခဲ့သည့် တရုတ်နိုင်ငံ နန်နင်းမြို့ ကွမ်ရှီးအသံလွှင့်နှင့် ရုပ်မြင်သံကြားဌာနမှ ညွှန်ကြားရေးမှူး မစ္စတာ Yang Chun ဦးဆောင်သည့် အဖွဲ့သည် ရိုက်ကူးရေးလုပ်ငန်းများ ပြီးစီးသဖြင့် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။



အဆိုပါအဖွဲ့သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပူးပေါင်းပြီး ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်အထိ နေပြည်တော်ရှိ အောင်သာကျေးရွာတွင်သောက်ရေသန့်ရရှိရေးဆောင်ရွက်မှု၊ သစ်တောသုတေသနဌာန (ရေဆင်း) တွင် သုတေသန ဆောင်ရွက်မှုနှင့် အမျိုးသား ပရဆေးဥယျာဉ် (နေပြည်တော်) ရှိ ဆေးဖက်ဝင်ပရဆေးပျိုးဥယျာဉ်တွင် ဆောင်ရွက်ထားရှိမှုတို့ကို လည်းကောင်း၊ ဩဂုတ် ၁၆ ရက်မှ ၁၉ ရက်အထိ ပဲခူးမြို့နယ် ရွာသစ်ကျေးရွာရှိ လန်ချန်း – မဲခေါင် ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ ဒဂုံမြို့သစ်မြောက်ပိုင်းရှိသီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်နှင့် ရန်ကုန်မြို့တွင်း ရှုခင်းများ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနဌာနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနတွင် ၂၀၂၀ ပြည့်နှစ် လန်ချန်း – မဲခေါင် ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းအရ အစားအစာတီထွင်ဆန်းသစ်မှုနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်မှု၊ Solar Energy Exhibition Center၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှု ဦးစီးဌာန အမျိုးသားခတ်ခွဲခန်းတွင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကုန်ကြမ်းကုန်ချောများ အရည်အသွေး ခတ်ခွဲတိုင်းတာဆောင်ရွက်မှုနှင့် အသီးအနှံအခြောက်ခံစက်ကြီးများဖြင့် မြင်းခွာရွက်ကို အခြောက်ခံပြီး အမှုန့်ကြိတ်လုပ်ဆောင်မှုတို့အား လည်းကောင်း ရုပ်သံမှတ်တမ်းရိုက်ကူးခဲ့ကြသည်။

"ပွင့်လန်းသာယာ လန်ချန်း– မဲခေါင် ဂေဟာ" ရုပ်သံမှတ်တမ်း အစီအစဉ်တွင် လန်ချန်း – မဲခေါင် ဒေသနိုင်ငံများ ဖြစ်ကြသည့် တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ရိုက်ကူးထားသည့် ရုပ်သံမှတ်တမ်းများကို စုစည်း၍ တည်းဖြတ်ပြီးပါက သက်ဆိုင်ရာနိုင်ငံများရှိ ရုပ်သံလိုင်းများ၌ ထုတ်လွှင့်ပြသနိုင်ရန် ဖြန့်ဝေပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘာသာရပ်ပေါင်းစုံ သုတေသနပြပွဲနှင့် ပြိုင်ပွဲကျင်းပ

**မိတ္ထီလာ ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မိတ္ထီလာတက္ကသိုလ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံသုတေသနပြပွဲနှင့် ပြိုင်ပွဲအခမ်းအနားကို ယနေ့ နံနက်က အဆိုပါတက္ကသိုလ် ဝန်ဇင်းခန်းမ၌ ကျင်းပသည်။

ဘာသာရပ်ပေါင်းစုံ သုတေသနပြပွဲနှင့် ပြိုင်ပွဲတွင် မြန်မာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ရက္ခဗေဒ၊ သမိုင်း၊ အရှေ့တိုင်းပညာ၊ ဘူမိဗေဒ၊ ဒဿနိကဗေဒ စသည့်ဘာသာရပ် ၁၄ ခုမှ ပြသပြိုင်ပွဲဝင်ထားသည့် သုတေသနပြခန်းများကို ပါမောက္ခချုပ် ဒေါက်တာဘဟန်၊ ခရိုင်စီမံအုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါဘာသာရပ်ပေါင်းစုံ သုတေသနပြပွဲနှင့်ပြိုင်ပွဲအား မိတ္ထီလာဒေသရှိ ဒေသခံ MSME လုပ်ငန်းရှင်များနှင့် မိတ္ထီလာတက္ကသိုလ်မှ ဘာသာရပ်အလိုက် သုတေသနတွေ့ရှိချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပြီး ဘာသာရပ်ပေါင်းစုံသုတေသနပြပွဲနှင့် ပြိုင်ပွဲတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ဆုရရှိခဲ့သည့် ပြိုင်ပွဲဝင်များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ**
**(မိတ္ထီလာ)**

# နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) လုပ်ငန်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၂၀**

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းရင်းသား ရေးရာဝန်ကြီးတို့နှင့်အတူ ယနေ့နံနက်ပိုင်းက ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာအစည်းအဝေးခန်းမ၌ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့ ဝန်ကြီးဌာန၏ အဓိကတာဝန်ဖြစ်သည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရေး တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသား MSME လုပ်ငန်းများကို ဌာနအနေဖြင့် လက်လှမ်းမီသမျှ ကူညီဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍတွင် တိုင်းရင်းသားကလေးငယ်များ ဘာသာစကားအခက်အခဲကို ကျော်လွှန်၍ ကျောင်းထွက်နှုန်း လျော့နည်းလာစေရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၌ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) ၏ ငွေလုံးငွေရင်းဖြင့်ဆောင်ရွက်မည့် သန်း ၂၀ အောက်လုပ်ငန်းများနှင့် သန်း ၂၀ အထက် တင်ဒါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)၏ ဝင်ငွေရရှိမှုနှင့် ပုံမှန်လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) ၏ ရိုးရာအိမ်များ၊ နန်းမြင့်မျှော်စင်၊ ဆလုံပြခန်းနှင့် ဝန်ထမ်းအိမ်ရာများအတွင်း အသုံးပြုနိုင်ရန် Solar Panel ၅၈ လုံး ပေးအပ်ရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။




ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)အတွင်း လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **သတင်းစဉ်**

# (၄၆) ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေး၏ အဆင့်မြင့်အရာရှိကြီးများ အထူးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပ

**နေပြည်တော် ဩဂုတ် ၂၀**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၄၆) ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေး၏ အဆင့်မြင့်အရာရှိကြီးများ အထူးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးကို ဩဂုတ် ၁၉ ရက်မှ ၂၀ ရက်အထိ အွန်လိုင်းစနစ်ဖြင့် ကျင်းပခဲ့ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန္တာကြည်က သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်သည်။







အစည်းအဝေး ပထမနေ့တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ တီမောလက်စ်တေနိုင်ငံမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် CGIAR၊ CPOPC၊ CSIRO၊ ERIA၊ GIZ၊ TAF GTEI၊ FAO၊ GHD and Boeing၊ Sattva Consulting၊ SCeNe Coalition၊ Singapore Craw-fish၊ SEAFDEC နှင့် US-ABC တို့မှ ကိုယ်စားလှယ်များ၊ ဆက်စပ်ဝန်ကြီးဌာနဖြစ်သည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေး ဖွင့်ပွဲတွင် SOM - AMAF Leader ဖြစ်သူ စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းဝေးများမှ ထွက်ပေါ်လာသည့် ရလဒ်များ၊ စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေးများမှ ထွက်ပေါ်လာသည့်ရလဒ်များ၊ ကဏ္ဍအလိုက် ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို တင်ပြရာတွင် စားရေရိက္ခာကဏ္ဍမှ ကျင်းပသည့် အစည်းအဝေး (၄)ခု၊ စိုက်ပျိုးရေးကဏ္ဍမှ (၆)ခု၊ စိုက်ပျိုးရေးနှင့် သစ်တောထွက်ကုန်များ ကဏ္ဍမှ (၁) ခုနှင့် သစ်တောကဏ္ဍမှ (၁) ခုတို့၏ အစည်းအဝေး အစီရင်ခံများကို ဆွေးနွေးကြပြီး စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ လုပ်ငန်းရပ် (၂၃) ခုကို (၄၇)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးတွင် အတည်ပြုရန်နှင့် လုပ်ငန်းရပ် (၇) ကို မှတ်တမ်းတင်ရန် ဆွေးနွေးသဘောတူကြသည်။

ဆက်လက်၍ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် CGIAR မှ ASEAN-One CGIAR Program ၏ ဖြစ်ပေါ်တိုးတက်မှုများ၊ CPOPC မှ ဥရောပသမဂ္ဂ၏ သစ်တောပြုန်းတီးမှု တားဆီးရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ အကောင်အထည်ဖော်ခြင်း၊ CSIRO မှ အာဆီယံ - ဩစတြေးလျ ဇီဝကာကွယ်ရေး သုတေသနလုပ်ငန်းများ၊ ERIA မှ စိုက်ပျိုးရေး စားရေရိက္ခာစနစ်များ၊ စိုက်ပျိုးရေးကဏ္ဍတွင် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးနှင့် အာဆီယံဒေသတွင်း စားရေရိက္ခာ ဖူလုံရေးဆိုင်ရာ လုပ်ငန်းများ၊ GIZ မှ ရေရှည်တည်တံ့စေသည့် ကောက်ရိုးအသုံးပြုသည့်စီမံကိန်းမှ ထွက်ပေါ်လာသည့်ရလဒ်များ၊ စိမ်းလန်းသော ဥရောပအဖွဲ့ လှုပ်ရှားဆောင်ရွက်မှုအစီအစဉ်အတွက် နည်းပညာအကူအညီပေးရေး အထောက်အကူပြုအဖွဲ့မှ စိုက်ပျိုးရေးကဏ္ဍတွင် သီးနှံမီးရှို့မှု လျှော့ချရေးနှင့် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးတို့အတွက် ကနဦးဆောင်ရွက်မှုများ၊ FAO မှ ရေရှည်တည်တံ့သော စိုက်ပျိုးရေးအတွက် အာဆီယံဒေသတွင်း ရေရှည်တည်တံ့သော ဘဏ္ဍာရေးစနစ် (ASEAN Green Bond) ဆိုင်ရာ ကနဦးဆောင်ရွက်မှုများ၊ GHD and Boeing မှ စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းများမှ ရေရှည်တည်တံ့သော လေယာဉ်ဆီထုတ်လုပ်ခြင်း၊ Sattva Consulting အဖွဲ့မှ အာဆီယံဒေသတွင်း ပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေသည့် စီးပွားရေးပုံစံများ၊ SCeNe Coalition မှ သဘာဝအခြေခံဖြေရှင်းနည်းများ၊ Singapore Crawfish မှ ကျောက်ပုစွန်များကို ရေရှည်တည်တံ့စွာ မွေးမြူခြင်း၊ SEAFDEC မှ အာဆီယံဒေသတွင်း ငါးရှဉ့်မွေးမြူခြင်း၏ ရေရှည်တည်တံ့စေမည့် နည်းပညာစီမံခန့်ခွဲမှုများ၊ US-ASEAN Business Council မှ အာဆီယံဒေသတွင်း အလားအလာရှိသော ပူးပေါင်းဆောင်ရွက်မှုများကို အတူတကွ ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကတိကဝတ်ပြုခဲ့ကြသည်။

(၂၄) ကြိမ်မြောက် အာဆီယံအပေါင်းသုံး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ အစည်းအဝေး၏ အဆင့်မြင့်အရာရှိများ အထူးအစည်းအဝေးနှင့် (၁၀) ကြိမ်မြောက် အာဆီယံ-ရုရှား လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ အစည်းအဝေး၏ အဆင့်မြင့်အရာရှိများ အစည်းအဝေးများကို ဩဂုတ် ၂၀ ရက်တွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မော်လိုက်မြို့၌ ဆိုလာလမ်းမီး အလှူရှင်များအား ဂုဏ်ပြုပွဲကျင်းပ

**မော်လိုက် ဩဂုတ် ၂၀**

မော်လိုက်မြို့၌ အများပြည်သူများ ဘေးကင်းလုံခြုံစွာသွားလာနိုင်ရေးနှင့် မြို့သာယာလှပစေရေး ဆိုလာလမ်းမီးတပ်ဆင်ခြင်းအတွက် ဆိုလာလမ်းမီး အလှူရှင်များအား ဂုဏ်ပြုပွဲကို ဩဂုတ် ၁၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေထွန်းအောင်က အမှာစကားပြောကြားပြီး ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်ကြီး ဒေါက်တာကျော်စိုးက ခရိုင်ပြည်သူ့ဆေးရုံအတွက် ဆိုလာမီးလှူဒါန်းမှုနှင့်ပတ်သက်၍ လည်းကောင်း၊ ခရိုင်လျှပ်စစ်ဖြန့်ဖြူးရေးလုပ်ငန်းဦးစီးဌာနမှ လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးဇော်ဝင်းက ဆိုလာစနစ်မီးလင်းရေးနှင့်ပတ်သက်၍ လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်ကေသွယ်မြမြဦးက မြို့နယ်စည်ပင်သာယာအဖွဲ့မှ ဆိုလာစနစ်တပ်ဆင်မှုနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားပြီး ဆိုလာလမ်းမီးအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်သည်။

မော်လိုက်မြို့ရှိ မင်္ဂလာလမ်း၊ မြို့ပတ်လမ်း၊ ကမ်းနားလမ်း၊ ဗိုလ်ချုပ်လမ်းနှင့်ဗညားလမ်းတို့၏လမ်းမီးတိုင် ၂၀၀ တွင်ဆိုလာလမ်းမီး စုစုပေါင်း ၁၀၄ လုံး တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုထက်**
**(ပြန်/ဆက်)**

# နိုင်ငံရေးပါတီများ ပါတီဝင်ဦးရေနှင့် ပါတီရုံးခန်းများ သတ်မှတ်အရေအတွက်ပြည့်မီရေး ဆောင်ရွက်ပြီး နောက်ဆုံးတင်ပြရမည့် နေ့ရက်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**အမိန့်ကြော်ငြာစာအမှတ် ( ၅၆ / ၂၀၂၅ )**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် )

**နိုင်ငံရေးပါတီများ ပါတီဝင်ဦးရေနှင့် ပါတီရုံးခန်းများ သတ်မှတ်အရေအတွက်ပြည့်မီရေး ဆောင်ရွက်ပြီး နောက်ဆုံးတင်ပြရမည့် နေ့ရက်ထုတ်ပြန်ခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၃၉၉(က)နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များအရ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း ( ၁ )ကို စတင်ကျင်းပမည်ဖြစ်ကြောင်း ကြေညာချက်အမှတ် ( ၅၅ / ၂၀၂၅ ) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အားစာရင်းနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ ( စ ) အရ ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်မတိုင်မီ အနည်းဆုံး ရက်ပေါင်း ၉၀ ကြိုတင်၍ ကော်မရှင်က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သည့် နေ့ရက်အတွင်း ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင်ဦးရေ အနည်းဆုံး ၅၀၀၀၀ ကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀ ကိုလည်းကောင်း စည်းရုံးရမည်ဖြစ်ပါသည်။

၃။ ပါတီရုံးခန်းဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ (ဇ) အရ ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်မတိုင်မီ အနည်းဆုံး ရက်ပေါင်း ၉၀ ကြိုတင်၍ ကော်မရှင်က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သည့် နေ့ရက်အတွင်း ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီဖြစ်ပါက ပြည်ထောင်စုတစ်ဝန်းလုံးရှိ မြို့နယ်အားလုံး၏ အနည်းဆုံး သုံးပုံတစ်ပုံ၌လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိမြို့နယ်အားလုံး၏ အနည်းဆုံး ၅ မြို့နယ်၌လည်းကောင်း ပါတီရုံးခန်းများ ဖွင့်လှစ်ရမည်ဖြစ်ပါသည်။

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကျင်းပမည့်ရွေးကောက်ပွဲတွင် ပါတီများအားလုံး ပါဝင်နိုင်ရေးအတွက် ရည်မှန်းကာ ပါတီဝင်ဦးရေပြည့်မီစေရေးနှင့် သတ်မှတ်ပါတီရုံးခန်းအရေအတွက် ပြည့်မီအောင်ဖွင့်လှစ်နိုင်ရေး အချိန်မီဆောင်ရွက်နိုင်ရန် နိုင်ငံရေးပါတီများသို့ ကြိုတင်အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။ သတ်မှတ်ရက်အတွင်း ဆောင်ရွက်နိုင်ခြင်းမရှိပါက နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၁၂ အရ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

၅။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ ပုဒ်မခွဲ ( စ ) နှင့် ( ဇ ) တို့အရ နိုင်ငံရေးပါတီများ ပါတီဝင်ဦးရေနှင့် ပါတီရုံးခန်းများ သတ်မှတ်အရေအတွက်ပြည့်မီရေးဆောင်ရွက်ပြီး ကော်မရှင်သို့ နောက်ဆုံးတင်ပြရမည့်နေ့ရက်ကို ၇ - ၉ - ၂၀၂၅ ( တနင်္ဂနွေနေ့ ) သတ်မှတ်ကြောင်း ထုတ်ပြန်လိုက်သည်။

**( ပုံ ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ်များ သတ်မှတ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၅၆ / ၂၀၂၅ )**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း ( ၁ ) တွင် ပါဝင်သည့်မြို့နယ်များ သတ်မှတ်ကြေညာခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း ( ၁ ) တွင် ပါဝင်သည့် မြို့နယ် ( ၁၀၂ ) မြို့နယ်အား တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပူးတွဲပါဇယားအတိုင်း သတ်မှတ်ကြေညာလိုက်သည်။

**ပူးတွဲ။** အပိုင်း ( ၁ ) တွင်ပါဝင်သည့် မြို့နယ်များစာရင်း

**( ပုံ ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

ပူးတွဲ

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း ( ၁ ) တွင် ပါဝင်သည့် မြို့နယ်များစာရင်း**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ပါဝင်သည့်မြို့နယ်များ | မှတ်ချက် |
|---|---|---|---|
| ၁ | ကချင် | ၁။ တနိုင်း<br>၂။ ခေါင်လန်ဖူး<br>၃။ နောင်မွန်း<br>၄။ ပူတာအို<br>၅။ မိုးညှင်း<br>၆။ မြစ်ကြီးနား | ၆ မြို့နယ် |
| ၂ | ကယား | ၁။ ဘောလခဲ<br>၂။ လွိုင်ကော် | ၂ မြို့နယ် |
| ၃ | ကရင် | ၁။ ဘားအံ<br>၂။ မြဝတီ<br>၃။ သံတောင်ကြီး | ၃ မြို့နယ် |
| ၄ | ချင်း | ၁။ တီးတိန်<br>၂။ ဟားခါး | ၂ မြို့နယ် |
| ၅ | စစ်ကိုင်း | ၁။ လေရှီး<br>၂။ လဟယ်<br>၃။ နန်းယွန်း<br>၄။ ကလေး<br>၅။ ကသာ<br>၆။ ကန့်ဘလူ<br>၇။ ခန္တီး<br>၈။ စစ်ကိုင်း<br>၉။ တမူး<br>၁၀။ မုံရွာ<br>၁၁။ ရွှေဘို<br>၁၂။ ဟုမ္မလင်း | ၁၂ မြို့နယ် |
| ၆ | တနင်္သာရီ | ၁။ ကော့သောင်း<br>၂။ ထားဝယ်<br>၃။ ဘုတ်ပြင်း<br>၄။ မြိတ် | ၄ မြို့နယ် |
| ၇ | ပဲခူး | ၁။ ညောင်လေးပင်<br>၂။ တောင်ငူ<br>၃။ နတ်တလင်း<br>၄။ ပဲခူး<br>၅။ ပြည်<br>၆။ ရွှေတောင်<br>၇။ လက်ပံတန်း<br>၈။ သာယာဝတီ | ၈ မြို့နယ် |
| ၈ | မကွေး | ၁။ ချောက်<br>၂။ ရေနံချောင်း<br>၃။ ပခုက္ကူ<br>၄။ တောင်တွင်းကြီး<br>၅။ မကွေး<br>၆။ ပွင့်ဖြူ<br>၇။ မင်းဘူး<br>၈။ သရက်<br>၉။ အောင်လံ | ၉ မြို့နယ် |
| ၉ | မန္တလေး | ၁။ ကျောက်ဆည်<br>၂။ ညောင်ဦး<br>၃။ ပြင်ဦးလွင်<br>၄။ ချမ်းအေးသာစံ<br>၅။ မိတ္ထီလာ<br>၆။ ပျော်ဘွယ်<br>၇။ ရမည်းသင်း<br>၈။ အောင်မြေသာစံ | ၈ မြို့နယ် |
| ၁၀ | မွန် | ၁။ ကျိုက်ထို<br>၂။ ကျိုက်မရော<br>၃။ ချောင်းဆုံ<br>၄။ မော်လမြိုင်<br>၅။ သထုံ | ၅ မြို့နယ် |
| ၁၁ | ရခိုင် | ၁။ ကျောက်ဖြူ<br>၂။ စစ်တွေ<br>၃။ မာန်အောင် | ၃ မြို့နယ် |
| ၁၂ | ရန်ကုန် | ၁။ ကမာရွတ်<br>၂။ ကျောက်တံတား<br>၃။ တိုက်ကြီး<br>၄။ တွံတေး<br>၅။ ဒဂုံမြို့သစ် (တောင်ပိုင်း)<br>၆။ ဗိုလ်တထောင်<br>၇။ မရမ်းကုန်း<br>၈။ မင်္ဂလာဒုံ<br>၉။ မှော်ဘီ<br>၁၀။ သဃ်န်းကျွန်း<br>၁၁။ သန်လျင်<br>၁၂။ အလုံ | ၁၂ မြို့နယ် |
| ၁၃ | ရှမ်း | ၁။ ပင်းတယ<br>၂။ ဟိုပုံး<br>၃။ နောင်ချို<br>၄။ ကျိုင်းတုံ<br>၅။ တာချီလိတ်<br>၆။ တောင်ကြီး<br>၇။ နမ့်စန်<br>၈။ မူဆယ်<br>၉။ မိုင်းဆတ်<br>၁၀။ လားရှိုး<br>၁၁။ လင်းခေး<br>၁၂။ လွိုင်လင် | ၁၂ မြို့နယ် |
| ၁၄ | ဧရာဝတီ | ၁။ ကျုံပျော်<br>၂။ ပုသိမ်<br>၃။ မအူပင်<br>၄။ မြောင်းမြ<br>၅။ ကြံခင်း<br>၆။ မြန်အောင်<br>၇။ လပွတ္တာ<br>၈။ ဟင်္သာတ | ၈ မြို့နယ် |
| ၁၅ | နေပြည်တော် | ၁။ ဇေယျာသီရိ<br>၂။ ပုဗ္ဗသီရိ<br>၃။ ဇမ္ဗူသီရိ<br>၄။ ပျဉ်းမနား<br>၅။ ဒက္ခိဏသီရိ<br>၆။ လယ်ဝေး<br>၇။ တပ်ကုန်း<br>၈။ ဥတ္တရသီရိ | ၈ မြို့နယ် |

# လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ ရုပ်သိမ်းခြင်း၊ စိစစ်ခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များသတ်မှတ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
**ကြေညာချက်အမှတ် ( ၅၇ / ၂၀၂၅ )**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)

**လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ ရုပ်သိမ်းခြင်း၊ စိစစ်ခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များသတ်မှတ်ကြေညာခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၆ ပါ လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် အောက်ပါနေ့ရက်များကို သတ်မှတ်ကြေညာလိုက်သည် -

| | | |
|---|---|---|
| (၁) | လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း စတင်တင်သွင်းနိုင်သည့် နေ့ရက် | **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်** |
| (၂) | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့် နောက်ဆုံး နေ့ရက် | **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်** |
| (၃) | PR မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီတစ်ခုအနေဖြင့် မိမိပါတီ ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးအတွက် အမည်စာရင်းတင်သွင်းလွှာကို ရုပ်သိမ်းပါက စတင် အစားထိုး ပြန်လည်တင်သွင်းရမည့် နေ့ရက်နှင့် နောက်ဆုံးနေ့ရက် | **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်မှ စက်တင်ဘာလ ၁၇ ရက်အထိ** |
| (၄) | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများ စိစစ်မည့် နေ့ရက် | **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်မှ အောက်တိုဘာလ ၄ ရက် အထိ** |

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မျိုးဆက်သစ်ဝံသာနုပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
**ကြေညာချက်အမှတ် ( ၅၈ / ၂၀၂၅ )**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် )

**မျိုးဆက်သစ်ဝံသာနုပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ ၆ လမ်းနှင့် ၇ လမ်းကြား၊ ၇၄ (B) လမ်းတွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မျိုးဆက်သစ်ဝံသာနုပါတီ** ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**မျိုးဆက်သစ်ဝံသာနုပါတီ** ၏ မှတ်ပုံတင်အမှတ်မှာ ( ၆၁ ) ဖြစ်ပါသည်။

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
**ကြေညာချက်အမှတ် ( ၅၉ / ၂၀၂၅ )**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် )

**ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဇီးအုန်ကုန်းလမ်း၊ မြေအမှတ် (၁၇/A) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ** ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ** ၏ မှတ်ပုံတင်အမှတ်မှာ ( ၆၂ ) ဖြစ်ပါသည်။

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
**ကြေညာချက်အမှတ် ( ၆၀ / ၂၀၂၅ )**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် )

**ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

မွန်ပြည်နယ်၊ သထုံမြို့၊ ဘင်လှိုင်ရပ်ကွက်၊ မရမ်းချောင်ရပ်၊ ခေမာရာမသီလရှင်စာသင်တိုက်ကျောင်းလမ်း၊ အမှတ် (၆၉၁) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပအိုဝ်းအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ** ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ** ၏ မှတ်ပုံတင်အမှတ်မှာ ( ၆၃ ) ဖြစ်ပါသည်။

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မသန်စွမ်းသက်ကြီးသင်တန်းကျောင်းမှ သင်တန်းသား၊ သင်တန်းသူများခေါ်ယူ

**မသန်စွမ်းသက်ကြီးသင်တန်းကျောင်းမှ သင်တန်းသား၊ သင်တန်းသူများခေါ်ယူခြင်း**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း(ရန်ကုန်)တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွင်း အမှတ်စဉ်(၂)၊ (၃) လသင်တန်းများဖြစ်သော ဆံသသင်တန်း၊ စက်ချုပ်သင်တန်း၊ ကွန်ပျူတာသင်တန်းနှင့် တံဆိပ်ရိုက်သင်တန်းများကို ၈.၉.၂၀၂၅ ရက်မှ ၅.၁၂.၂၀၂၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

**သတ်မှတ်ချက်များ**

၁။ ကိုယ်အင်္ဂါမသန်စွမ်းသူ ဖြစ်ရမည်။
၂။ အသက်(၁၈)နှစ်မှ (၄၅)နှစ်အတွင်းရှိသူဖြစ်ရမည်။
၃။ နေ့စဉ်တစ်ကိုယ်ရေလုပ်ငန်းဆောင်တာများအား ဆောင်ရွက်နိုင်သူဖြစ်ရမည်။
၄။ ကျား/မ၊ လူမျိုးနှင့် ကိုးကွယ်ရာဘာသာမရွေး လျှောက်ထားနိုင်သည်။
၅။ သင်တန်းကာလပြီးဆုံးအောင် တက်ရောက်နိုင်သူ ဖြစ်ရမည်။

**သင်တန်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ**

၁။ မှတ်ပုံတင်မိတ္တူ
၂။ အိမ်ထောင်စုဇယားမိတ္တူ
၃။ ပညာအရည်အချင်းထောက်ခံစာမိတ္တူ
၄။ ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ
၅။ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ အမှန်တကယ်နေထိုင်ကြောင်း ထောက်ခံချက်မူရင်း
၆။ ကျန်းမာရေးနှင့်ပတ်သက်သော ဆေးမှတ်တမ်းများနှင့် သောက်သုံးနေရသည့် ဆေးဝါးများ ယူဆောင်လာရန်

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ အမှတ်(၆၅) ကျိုက်ဝိုင်းဘုရားလမ်း၊ လူမှုဝန်ထမ်းအတတ်သင် သိပ္ပံကျောင်းဝင်းအတွင်းရှိ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လူကိုယ်တိုင် တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။

သင်တန်းတက်ရောက်ခွင့်ရသူများသည် သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း စားသောက်နေထိုင်ရေး၊ သင်ထောက်ကူပစ္စည်းများနှင့် နယ်မှလာရောက်သော သင်တန်းသား၊ သင်တန်းသူများအတွက် ရန်ကုန်မြို့သို့လာသော အသွားအပြန်ခရီးစရိတ်များကို နိုင်ငံတော်မှ စီစဉ်ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ ဖုန်းနံပါတ် -၀၆၇-၄၀၄၂၅၂၊ ၀၆၇-၄၀၄၆၇၆ နှင့် မသန်စွမ်းသက်ကြီးသင်တန်းကျောင်း (ရန်ကုန်) ဖုန်းနံပါတ် -၀၁-၉၆၆၁၇၁၂၊ ၀၉-၄၄၈၀၃၅၀၈၀၊၀၉-၉၇၂၆၆၁၈၄၀ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိရုပ်ရှင်တော်မြတ်၊ အောင်မြေသာစံမြို့နယ်ရှိ ဘုရားနီနှင့် အရိပ်မထွက်ဘုရား ပြန်လည်ပြုပြင်ထိန်းသိမ်းနေမှု ကြည့်ရှုစစ်ဆေး

**မန္တလေး ဩဂုတ် ၂၀**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့်အတူ ယမန်နေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးသို့ ရောက်ရှိပြီး သောက်တော်ရေချမ်းနှင့်ပန်းများ ဆက်ကပ်၍ မဟာမုနိဘုရားကြီး ဘက်စုံပြုပြင် မွမ်းမံနိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးနှင့် ခုနစ်ရက်သားသမီးများက လှူဒါန်းထားသော အလှူတော်ငွေနှင့် မဟာမုနိဘုရားကြီး ဥပနာတော်အတွက် ခါတ်တော်မွေတော်ကြုပ်များ၊ ဆင်းတုတော်နှင့် ဓမ္မစေတီများကို ဂေါပကအဖွဲ့ထံ လှူဒါန်းသည်။

ထို့နောက် မဟာမုနိဘုရားကြီးအား ရွှေသင်္ကန်းများ ကပ်လှူပူဇော်ပြီး မဟာမုနိဘုရားကြီး ပရိဝုဏ်အတွင်းရှိ ငလျင်ဒဏ်သင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကာ**(အပေါ်ယာပုံ)** ဘုံ(၇)ဆင့်ပြာသာဒ်တွင် တင်လှူပူဇော်မည့် အမှတ်(၁) ပြတိုက်အတွင်းရှိ စိန်ဖူးတော်၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်များ အပူဇော်ခံထားရှိမှုအခြေအနေကို ကြည့်ရှုဖူးမြော်သည်။



ယင်းနောက် မဟာမုနိဘုရားကြီး ပရိဝုဏ်အတွင်းရှိ အစည်းအဝေးခန်းမ၌ ဘုရားကြီးပရိဝုဏ်အတွင်းရှိ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေး အစည်းအဝေးသို့တက်ရောက်၍ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာကိစ္စရပ်များကို ဩဝါဒါဆရာတော်များထံမှ ဩဝါဒခံယူ၍ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်တို့မှ အင်ဂျင်နီယာပညာရှင်များ၊ ငလျင်ပညာရှင်များ၊ ဆက်စပ်ဌာနဆိုင်ရာများ၊ ကျွမ်းကျင်သူများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရန်၊ ဘုရားကြီး၏ သာသနိကအဆောက်အအုံ ကြံ့ခိုင်မှုအပြည့်အဝရရှိအောင် အကောင်းဆုံးအရည်အသွေးရှိသော ဆောက်လုပ်ရေးသုံးပစ္စည်းများကို အသုံးပြုရန်နှင့် နောက်ဆုံးပေါ်နည်းပညာဖြင့် ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိဘုရားနီ ဘုရားနှင့် အောင်မြေသာစံမြို့နယ်ရှိ အရိပ်မထွက်စေတီတော်ကြီးသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ပြန်လည်ပြုပြင်ရာတွင် ဥပနာထည့်သွင်းရန်အတွက် ပြည်ထောင်စုဝန်ကြီးနှင့် ခုနစ်ရက်သားသမီးများက လှူဒါန်းထားသော အလှူငွေနှင့် ကြေးဗုဒ္ဓဆင်းတုတော်၊ ဓါတ်တော်စေတီတော်နှင့် ဓမ္မစေတီများကို ဂေါပကအဖွဲ့ထံ လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မသန်စွမ်းသူများကိုယ်တိုင် ဆန္ဒမဲပေးနိုင်ရေး အသိပညာပေးခြင်းနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက် လက်တွေ့စမ်းသပ်အသုံးပြုခြင်းအစီအစဉ်ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၀**

မသန်စွမ်းသူများကိုယ်တိုင် ဆန္ဒမဲပေးနိုင်ရေး အသိပညာပေးခြင်းနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက် လက်တွေ့စမ်းသပ်အသုံးပြုခြင်းအစီအစဉ်ကို ယနေ့ နံနက် ၁၀ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး၊ နေပြည်တော်ကောင်စီ၊ ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများ၊ မသန်စွမ်းသူကိုယ်စားလှယ်များ တက်ရောက်ကြသည်။



**ပူးပေါင်းဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မသန်စွမ်းသူများ၊ အထူးသဖြင့် အမြင်အာရုံ မသန်စွမ်းသူများ လျှို့ဝှက်ဆန္ဒမဲပေးနိုင်ရေးအတွက် မျက်မမြင်လက်စမ်းစာ (Braille) ကို အခြေခံသည့် မြန်မာအီလက်ထရောနစ်မဲပေးစက်ကို တီထွင်ပြုလုပ်ပေးမှုသည် အားလုံးပါဝင်ဆောင်ရွက်နိုင်သည့် ရွေးကောက်ပွဲဖြစ်စေရန် ကြိုးစားပေးရာရောက်ပါကြောင်း၊ မျက်မမြင်လက်စမ်းစာ (Braille) မတတ်ကျွမ်းသည့် အမြင်အာရုံမသန်စွမ်းသူများအပါအဝင် ကိုယ်အင်္ဂါမသန်စွမ်းသူ၊ အကြားအာရုံမသန်စွမ်းသူများအနေဖြင့် ကိုယ်တိုင် သို့မဟုတ် လိုအပ်ပါက မသန်စွမ်းသူကိုယ်တိုင် ရွေးချယ်သည့် အကူလူပုဂ္ဂိုလ်ဖြင့် ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ထားရှိကြောင်း၊ မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒပေးပိုင်ခွင့်ရှိသည့် မသန်စွမ်းသူအားလုံး တက်တက်ကြွကြွ ပါဝင်ဆန္ဒမဲပေးရန်နှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်အပါအဝင် ယနေ့တက်ရောက်လာသော မသန်စွမ်းကိုယ်စားလှယ်များ၊ တာဝန်ရှိသူများက ပံ့ပိုးပူးပေါင်းဆောင်ရွက်ပေးရန် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီး တာဝန်ရှိသူတစ်ဦးက မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**လက်တွေ့စမ်းသပ်မဲပေး**

ဆက်လက်၍ မသန်စွမ်းသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအစီအစဉ်များ ဆောင်ရွက်ပြီး**(ဝဲပုံ)** မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးခြင်းအားဖြင့် မသန်စွမ်းသူများ ကိုယ်တိုင် အခြားသူတစ်ဦးဦး၏ အကူအညီမပါဘဲ လျှို့ဝှက်ဆန္ဒမဲပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မုတ်သုံလေ အားအသင့်အတင့်ရှိနေ

**နေပြည်တော် ဩဂုတ် ၂၀**

ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများအောင်မြင်ရေး ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စိုက်ပျိုးရေးဦးစီးဌာန အရာထမ်းများနှင့် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် သင်တန်းခန်းမ၌ တွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံပွဲသို့ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ခရိုင်ဦးစီးမှူးများ၊ ခြံတာဝန်ခံများနှင့် သုတေသနဓာတ်ခွဲခန်း တာဝန်ခံများ၊ မြေ၊ မျိုး၊ ပိုးတာဝန်ခံများ၊ စိုက်ပျိုးပညာပေးရေးနှင့် စီမံကိန်းတာဝန်ခံများ၊ ရုံးချုပ်ဌာနခွဲများမှ အရာထမ်းများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက သီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေးအပါအဝင် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ အောင်မြင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မူဝါဒပိုင်းနှင့် ဝန်ထမ်းများအကြား ဆက်စပ်စီမံရသော အရာထမ်းများအနေဖြင့် မိမိတို့တစ်ဦးတစ်ယောက်ချင်းစီ၏ ကိုယ်ပိုင်အလေ့အကျင့်ကောင်းများ မြင့်မားသည့်စွမ်းအင်



အဖြစ်သို့ အသွင်ကူးပြောင်းကာ လုပ်ဖော်ကိုင်ဖက်များအချင်းချင်း၊ ဌာနအချင်းချင်း စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရန်၊ လုပ်ငန်းများ အောင်မြင်ပြီးမြောက်စေရေးနှင့် မိမိနယ်ပယ်၊ မိမိဌာနဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူပြုနိုင်သည့် ဂုဏ်ယူဖွယ်စွမ်းဆောင်နိုင်သူများ ဖြစ်လာစေရေး အားထုတ်ကြိုးပမ်းကြရန် တိုက်တွန်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာ-ထိုင်း နှစ်နိုင်ငံပူးတွဲ၍ ရေအရည်အသွေးစီမံခန့်ခွဲရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

## မြန်မာနိုင်ငံအနေဖြင့် ရေသယံဇာတနှင့် အရည်အသွေးများ ထိန်းသိမ်းနိုင်ရေးအတွက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကို ဖွဲ့စည်းထားရှိပြီး ရေအရင်းအမြစ်များအား ဦးစားပေးကာကွယ်ထိန်းသိမ်းလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၀

မြန်မာ-ထိုင်း နှစ်နိုင်ငံပူးတွဲ၍ ရေအရည်အသွေး စီမံခန့်ခွဲရေးနှင့် လေ့လာစောင့်ကြည့်နိုင်ရေး၊ နှစ်နိုင်ငံကြား ရေအရည်အသွေးညစ်ညမ်းမှု ကာကွယ်ထိန်းချုပ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ရည်ရွယ်၍ မြန်မာ-ထိုင်း နှစ်နိုင်ငံပူးတွဲ၍ ရေအရည်အသွေး စီမံခန့်ခွဲရေးဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Jasmine Hotel ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ရှမ်းပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ထိုင်းနိုင်ငံမှ ဒုတိယဝန်ကြီးချုပ်၊ ဒစ်ဂျစ်တယ်စီးပွားရေးနှင့် လူမှုရေးဝန်ကြီးဌာနဝန်ကြီး Mr. Prasert Jantararuangtong ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms. Theerarat Samrejvanich၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး Mr. Mongkol Visitstump နှင့် ထိုင်းနိုင်ငံရှိ သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်၊ ဒစ်ဂျစ်တယ်စီးပွားရေးနှင့် လူမှုရေးဝန်ကြီးဌာနဝန်ကြီး Mr. Prasert Jantararuangtong နှင့်အဖွဲ့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

### ရေအရည်အသွေး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက မြန်မာနိုင်ငံအနေဖြင့် ရေသယံဇာတနှင့် အရည်အသွေးများ ထိန်းသိမ်းနိုင်ရေးအတွက် အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီကို ဖွဲ့စည်းထားရှိပြီး ရေအရင်းအမြစ်များအား ဦးစားပေးကာကွယ်ထိန်းသိမ်းလျက် ရှိပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်၍ အမျိုးသားမြေပေါ်ရေအရည်အသွေး စံချိန်စံညွှန်းကိုလည်း ၂၀၂၄ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီး ရေအရည်အသွေးကို တိုင်းတာစစ်ဆေး၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါကြောင်း ဆွေးနွေးပြောကြားသည်။

### ရေထုညစ်ညမ်းမှု ကာကွယ်ထိန်းသိမ်း

ထို့နောက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ဒစ်ဂျစ်တယ်စီးပွားရေးနှင့် လူမှုရေးဝန်ကြီးဌာနဝန်ကြီး Mr. Prasert Jantararuangtong က ထိုင်းနိုင်ငံအနေဖြင့်လည်း ရေအရင်းအမြစ် အရည်အသွေးနှင့်ပတ်သက်၍ အရေးကြီးကိစ္စတစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေထုညစ်ညမ်းမှု ကာကွယ်ထိန်းသိမ်းရန်အတွက် မူဝါဒများချမှတ်ထားရှိပြီး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့် ရေရှည်လက်တွဲ၍ ရေထုညစ်ညမ်းမှုကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ထိုင်းနိုင်ငံမှ ညစ်ညမ်းမှု ထိန်းချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ထိုင်းနိုင်ငံရှိ နမ့်ခုတ်မြစ်ရေအရည်အသွေးနှင့် ကာကွယ်ထိန်းသိမ်းဆောင်ရွက်နေမှု အခြေအနေများကို တင်ပြဆွေးနွေးပြီး အမြဲတမ်းအတွင်းဝန် ဦးလှမောင်သိန်းနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်တို့က မြန်မာနိုင်ငံ၏ ရေအရည်အသွေးဆိုင်ရာ စီမံခန့်ခွဲမှု၊ မြေပေါ်ရေအရည်အသွေးသတ်မှတ်ချက်များ၊ ကာကွယ်ထိန်းသိမ်းရေး ဆောင်ရွက်မှုနှင့် ရှေ့ဆက်ပူးပေါင်း ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးကြသည်။

### ပူးတွဲသတင်းထုတ်ပြန်

ဆက်လက်၍ ယခုဆွေးနွေးပွဲမှရရှိလာသော ရလဒ်များဖြစ်သည့် ရေအရည်အသွေး စီမံခန့်ခွဲမှုအပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်သွားရန်၊ ထရေအရည်အသွေးဆိုင်ရာ အချက်အလက်များကို ဖလှယ်ခြင်းအပါအဝင် နှစ်နိုင်ငံမှ သက်ဆိုင်ရာဌာနများအချင်းချင်း နည်းပညာဆိုင်ရာ ဆွေးနွေးမှုများ ဆောင်ရွက်သွားရန်၊ ရေရှည်တည်တံ့သော ရေအရည်အသွေး စီမံခန့်ခွဲခြင်းဆိုင်ရာနယ်ပယ်တွင်လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရေး နည်းပညာဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့ ဖွဲ့စည်းသွားရန်နှင့် နည်းပညာအကူအညီ၊ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသိပညာမြှင့်တင်ရေး နယ်ပယ်တို့တွင် ပူးပေါင်းဆောင်ရွက်ရန်တို့နှင့်ပတ်သက်၍ ပူးတွဲသတင်းထုတ်ပြန်သည်။

ဆွေးနွေးပွဲအပြီးတွင် ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်၊ ဒစ်ဂျစ်တယ်စီးပွားရေးနှင့် လူမှုရေးဝန်ကြီးဌာနဝန်ကြီး Mr. Prasert Jantararuangtong နှင့် အဖွဲ့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်၍ ဖူးမြော်ကြည်ညိုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



မြန်မာ-ထိုင်း နှစ်နိုင်ငံပူးတွဲ၍ ရေအရည်အသွေးစီမံခန့်ခွဲရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပစဉ်။

# မွန်ပြည်နယ်ဝန်ကြီးချုပ် ချောင်းဆုံမြို့နယ်ရှိ ကျေးရွာစာကြည့်တိုက်နှင့် ကျောင်းစာကြည့်တိုက်များ၌ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုအားပေး



ချောင်းဆုံ ဩဂုတ် ၂၀

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်းရှိ ကျောင်းသားလူငယ်များ စာပေလေ့လာဖတ်ရှု၍ ဗဟုသုတ ဖွံ့ဖြိုးတိုးတက်လာစေရန် ကွမ်သဲကျေးရွာ ပညာအလင်းရောင် စာကြည့်တိုက်နှင့် ကွမ်သဲ(အထက)ရှိ စာကြည့်တိုက်တို့တွင် စာဖတ်ရှိန် မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်အဆင့် သက်ဆိုင်ရာဌာနတာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ကွမ်သဲကျေးရွာ ပညာအလင်းရောင် စာကြည့်တိုက်အတွင်း စာပေလေ့လာ ဖတ်ရှုနေသူများ၊ စာကြည့်တိုက် ကော်မတီဝင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ ကျေးရွာစာကြည့်တိုက်အတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး မွန်ပြည်နယ် စာကြည့်တိုက်များ ဖောင်းဒေးရှင်းမှ လှူဒါန်းသော စာအုပ်စာစောင်များကို ပြည်နယ်ဝန်ကြီးချုပ်က ကျေးရွာစာကြည့်တိုက်ဥက္ကဋ္ဌအား ပေးအပ်သည်။

ဆက်လက်၍ ကွမ်သဲ(အထက)ရှိ စာကြည့်တိုက်အတွင်း စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်မှုအနေဖြင့် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲ ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး ဆရာကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်၍ ကျောင်းသားကျောင်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ ဆုံးမစကားများ ပြောကြားပြီး ကျောင်းအတွင်း လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

# အခု ရထားအသစ်ကြီးက အရင်မောင်းနှင်ခဲ့တဲ့ ရထားတွေနဲ့ ကွဲပြားခြားနားမှု အများကြီးရှိပါတယ်။ စက်ပိုင်းဆိုင်ရာ၊ ဘရိတ်ပိုင်း၊ တံခါးအဖွင့်အပိတ်အပိုင်း၊ အဲကွန်းစနစ်အပိုင်းတွေမှာ အတော်လေးအဆင့်မြင့်တာမို့ ခရီးသည်တွေအတွက် လုံခြုံစိတ်ချရမှု အတော်လေးရှိပါတယ်

**ဦးဇော်မင်းသန်း (စက်ခေါင်းမောင်း - ၂ အထူး)**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူလူထု ရထားဖြင့် ခရီးသွားလာမှု အဆင်ပြေ ချောမွေ့စေရေးအတွက် ရထားလမ်းပိုင်းအသီးသီး၌ လူစီးရထားခရီးစဉ်များကို စီစဉ်ပြေးဆွဲပေးလျက်ရှိရာ စပိန်နိုင်ငံမှ ဝယ်ယူထားသည့် ခေတ်မီလေအေးပေးစက်ပါ Diesel Electric Multiple Unit (DEMU) ရထားတွဲဆိုင်းများဖြင့် ရန်ကုန်-ပဲခူး-ရန်ကုန်ခရီးစဉ်နှင့် ရန်ကုန်မြို့ပတ်ရထားခရီးစဉ်တို့ကိုလည်းကောင်း၊ ဂျပန်နိုင်ငံမှ ဝယ်ယူထားသည့် ခေတ်မီလေအေးပေးစက်ပါ DEMU ရထားတွဲဆိုင်းများဖြင့် နေပြည်တော်-ရန်ကုန် - နေပြည်တော် ခရီးစဉ်ကိုလည်းကောင်း ပြေးဆွဲပေးလျက်ရှိသည်။

ထိုသို့ ပြေးဆွဲပေးလျက်ရှိခြင်းကြောင့် ရထားစီးခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ အဆင့်မီမီလိုက်ပါစီးနင်းနိုင်ပြီး လိုရာခရီးသို့ အချိန်တိုအတွင်း ရောက်ရှိစေကာ ဈေးနှုန်းသက်သာစွာဖြင့် စီးနင်းနိုင်မှုကြောင့် ခရီးသည်များ ကြိုက်နှစ်သက်ကြပြီး ရထားစီးနင်းမှု များပြားလျက်ရှိသည်။

အဆိုပါရထားခရီးစဉ်များ၌ ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ ခရီးသွားလာနိုင်စေရန် ဝန်ဆောင်မှုအပြည့်အဝ ဆောင်ရွက်ပေးနေကြသည့် မြန်မာ့မီးရထားဝန်ထမ်းများနှင့် ၎င်းတို့၏ ကောင်းမွန်လှသည့် ဝန်ဆောင်မှုများကြောင့် စိတ်ချမ်းမြေ့ပျော်ရွှင်စွာ လိုက်ပါစီးနင်းခဲ့ကြသည့် ခရီးသွားပြည်သူများ၏ ဝမ်းသာပီတိ စကားသံများကို မေးမြန်းမှုဝေ ရေးသားဖော်ပြလိုက်ရပါသည်-

**ဦးယဉ်မင်းဦး**
**(မန်နေဂျာ၊ သွားလာရေး/တိုင်း)**

မြန်မာ့မီးရထားအနေနဲ့ အရင်က ရိုးရိုးတွဲဆိုင်းတွေနဲ့ ပြေးဆွဲနေတာကနေ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့ ရိုးရိုးတွဲဆိုင်းရထားတွေနေရာမှာ လေအိတ်တွဲဆိုင်းရထားတွေနဲ့ အစားထိုးပြေးဆွဲခဲ့ပါတယ်။ လေအိတ်တွဲဆိုင်းရထားတွေနဲ့ ပြေးဆွဲတဲ့အတွက် ရန်ကုန်မြို့ပတ်နဲ့ ရန်ကုန်-မန္တလေးလမ်းပိုင်းက ရထားလမ်းပိုင်းတွေကို အဆင့်မြှင့်တင်မှာဖြစ်လို့ ရန်ကုန်မြို့ပတ်လမ်းပိုင်းကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှာ စတင်ဆောင်ရွက်ခဲ့ပါတယ်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်မှာ ရန်ကုန်မြို့ပတ် ရထားလမ်းပိုင်းအဆင့်မြှင့်တင်မှုပြီးစီးခဲ့ပါတယ်။ ရန်ကုန်-မန္တလေးလမ်းပိုင်းသစ်ကို ၂၀၁၉ ခုနှစ် ဇွန် ၃ ရက်မှာ JICA စီမံကိန်းနဲ့ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်မှာ ရန်ကုန်- တောင်ငူလမ်းပိုင်းပြုပြင်မှု ပြီးစီးခဲ့ပါတယ်။ လမ်းပိုင်းတွေ ပြုပြင်ပြင်ဆင်ပြီးတာနဲ့ အဲဒီလမ်းပိုင်းတွေမှာ ပြေးဆွဲဖို့ဆိုပြီး DEMU တွဲဆိုင်းတွေကို မှာယူခဲ့ပါတယ်။


ဦးယဉ်မင်းဦး


ဦးဇော်မင်းသန်း


ဦးအောင်ကျော်ဦး


ဦးဆန်းဝင်း


မအိမ့်သဲဝေ


ဒေါ်ရီရီမြင့်


ကိုကောင်းမြတ်ဦး


မဘရဏီဇော်ဝင်း

DEMU စပိန်တွဲဆိုင်းတွေကို ရန်ကုန်မြို့ပတ်လမ်းပိုင်းမှာဆိုရင် ၁၁ ဆိုင်း မှာယူထားပါတယ်။ ရန်ကုန်-မန္တလေးလမ်းပိုင်းမှာ YM-1 CMC ကို ပထမအသုတ်အနေနဲ့ လေးဆိုင်း မှာယူထားပါတယ်။ အဲဒီလေးဆိုင်းကတော့ ဂျပန်တွဲဆိုင်းဖြစ်ပါတယ်။ YM-2 ၁၅ ဆိုင်းကတော့ စပိန်တွဲဆိုင်းဖြစ်ပါတယ်။

ရန်ကုန်မြို့ပတ်မှာ ပြေးဆွဲနေတဲ့ ၁၁ ဆိုင်းက ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်မှာ ရောက်ရှိပြီ ဖြစ်ပါတယ်။ ဂျပန်တွဲဆိုင်း လေးဆိုင်းက ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၅ ရက်မှာ စတင်ရောက်ရှိပြီး ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၉ ရက်မှာ ၄ ဆိုင်းလုံး ရန်ကုန်ဘူတာကို ရောက်ရှိခဲ့ပါတယ်။ ရန်ကုန်-မန္တလေးလမ်းပိုင်းမှာ ပြေးဆွဲမယ့် စပိန်တွဲဆိုင်း YM-2 ၁၅ ဆိုင်း မှာယူထားတဲ့အနက် ၁၄ ဆိုင်း ရောက်ရှိနေပြီဖြစ်ပါတယ်။ မြန်မာ့မီးရထားအနေနဲ့ ၁၃ ဆိုင်း လက်ခံထားပြီး တစ်ဆိုင်းကိုတော့ အရည်အသွေးစစ်ဆေးနေဆဲဖြစ်ပါတယ်။

DEMU ရထားတွဲဆိုင်းကို စက်မှုဌာနမှ စက်ခေါင်းမောင်းတွေက မောင်းနှင်ပါတယ်။ ဒီရထားတွေ မောင်းနှင်နိုင်ဖို့အတွက် စက်ခေါင်းမောင်းတွေကို JICA က စာတွေ့၊ လက်တွေ့ သင်တန်းပို့ချပေးပါတယ်။ DEMU ရထားတွဲဆိုင်းတွေရဲ့ မောင်းနှင်စနစ်၊ ပြုပြင်ရေးတို့အတွက် စက်ခေါင်းမောင်းတွေအပြင် မြန်မာ့မီးရထားရဲ့ စက်ခေါင်းပြင်အဖွဲ့တွေကိုပါ သင်တန်းပို့ချပေးတာ ဖြစ်ပါတယ်။ တွဲထိန်း၊ ဂတ်ဗိုလ်၊ သွားလာပို့ဆောင်ရေးက ဝန်ထမ်းတွေကိုပါ ပူးတွဲသင်တန်းပို့ချပါတယ်။ ရည်ရွယ်ချက်ကတော့ စက်ခေါင်းမောင်းနှင်မှု တစ်ခုတည်း မဟုတ်ဘဲ တံခါးအလိုအလျောက်ပိတ်တဲ့စနစ်၊ ဝန်ဆောင်မှုပေးတဲ့စနစ်တွေကိုပါ သင်တန်းပို့ချပေးပါတယ်။ မြန်မာ့မီးရထားရဲ့ ဝန်ထမ်းတိုင်းကို မွမ်းမံသင်တန်းတွေ ဆက်လက်ပို့ချရပါတယ်။

DEMU ဂျပန်တွဲဆိုင်းတွေမှာ မြို့ပတ်ရထားဆိုရင် ဘေးတန်းမျက်နှာချင်းဆိုင်ဖြစ်ပါတယ်။ ရထားတွဲတစ်စီးမှာ တွဲဆိုင်းခြောက်ဆိုင်းပါဝင်ပြီး ထိုင်စီးအတွက် ၃၃၂ ယောက် မတ်တတ်စီးက ၅၀၀ ခန့် စုစုပေါင်း ၈၃၂ ယောက် လိုက်ပါစီးနင်းလို့ရပါတယ်။ ရန်ကုန် - နေပြည်တော် ပြေးဆွဲတဲ့ရထားမှာဆိုရင် အထက်တန်းနှစ်တွဲမှာ ၃၆ ခုံစီနဲ့ ၇၂ယောက်၊ ပထမတန်း လေးတွဲမှာ ၂၄၀ လိုက်ပါစီးနင်းလို့ရပါတယ်။ DEMU စပိန်တွဲဆိုင်းမှာ အထက်တန်းတစ်တွဲမှာ ၃၃ ခုံပါပါတယ်။ ပထမတန်း လေးတွဲမှာ ၂၂၄ ခုံ ပါပါတယ်။ ရန်ကုန်မြို့ပတ်လမ်းပိုင်းမှာ RBE လေးဆိုင်းနဲ့ ၂၃ ခေါက်၊ DEMU နဲ့ နှစ်ဆိုင်း လေးခေါက် စုစုပေါင်း ၂၇ ခေါက် ပြေးဆွဲပါတယ်။

အမြန်ရထားတွေအနေနဲ့ ရန်ကုန်-မန္တလေးလမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်းဆိုပြီး ပြေးဆွဲနေပါတယ်။ ရန်ကုန်-မန္တလေးလမ်းပိုင်းမှာဆိုရင် အမှတ်(၁) အဆန်၊ အမှတ်(၂) အစုန်စာပို့ရထား တစ်ရက်ခြားပြေးဆွဲပါတယ်။ အမှတ် (၁၁) အဆန်၊ အမှတ် (၁၂) အစုန်အမြန်ရထားကတော့ နေ့စဉ်ပြေးဆွဲပါတယ်။ အမှတ်(၇)အဆန်၊ (၈)အစုန်ကတော့ ရန်ကုန်-နေပြည်တော် ပြေးဆွဲပြီး မန္တလေးဘက်ကို ချိတ်ဆက်ပြီး (၂၇)ဆန်၊ (၂၈) အစုန်ဆိုပြီး နေ့စဉ်ပြေးဆွဲလျက်ရှိပါတယ်။

ရန်ကုန်-ပဲခူးလမ်းပိုင်း အမှတ် (၁၃) အဆန်၊ (၁၄)အစုန်နဲ့ အမှတ်(၁၅)အဆန်၊ (၁၆)အစုန်ကို DEMU တွဲဆိုင်းနဲ့ ပြေးဆွဲလျက်ရှိပါတယ်။ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းမှာတော့ အမှတ် (၈၁) အဆန်၊ (၈၂) အစုန် ပြေးဆွဲပါတယ်။ ရန်ကုန်-ပြည်လမ်းပိုင်းမှာတော့ အမှတ် (၇၁) အဆန်၊ (၇၂) အစုန် ပြေးဆွဲပါတယ်။ ရန်ကုန်-ပုဂံလမ်းပိုင်းမှာတော့ အမှတ် (၆၁)အဆန်၊ (၆၂)အစုန် သောကြာနေ့တိုင်း ပြေးဆွဲပါတယ်။ ရန်ကုန်အခြေစိုက်အနေနဲ့ ကြည့်မြင်တိုင်-ပြည်ကို ပြေးဆွဲတဲ့ အမှတ် (၆၃) အဆန်၊ (၆၄) အစုန်ကိုလည်း ပြေးဆွဲလျက်ရှိပါတယ်။ အင်းစိန်-ဥက္ကံကို အမှတ် (၆၅) အဆန်၊ (၆၆) အစုန် ပြေးဆွဲပါတယ်။ နေ့ထူးနေ့မြတ်ပိတ်ရက်တွေမှာတော့ လမ်းပိုင်းတိုင်းကို အထူးရထားအဖြစ် အမြဲတမ်းပြေးဆွဲပေးနေပါတယ်။

DEMU ရထားက အခြားနိုင်ငံကနေ မှာယူတင်သွင်းရတဲ့အတွက် တစ်ဆိုင်းတစ်တွဲရဲ့ တန်ဖိုးက ကြီးမားပါတယ်။ လေအေးပေးစက်စနစ်နဲ့ အသုံးပြုတဲ့အတွက် တွဲတိုင်းမှာ အနံ့အသက်မကောင်းတဲ့ပစ္စည်းတွေ တင်ဆောင်ခွင့်မပြုပါဘူး။ ကွမ်းယာစားခြင်းနဲ့ ဆေးလိပ်သောက်ခြင်းလည်း ခွင့်မပြုပါဘူး။ အခြားခရီးသည်ကို စိတ်အနှောင့်အယှက်ဖြစ်စေမယ့် အထုပ်အပိုးကြီးကြီးမားမားတွေလည်း ယူဆောင်ခွင့်မပြုပါဘူး။ အိမ်မွေးတိရစ္ဆာန်လည်း တင်ဆောင်ခွင့်မရှိပါဘူး။ သန့်ရှင်းမှုကို အလေးထားတဲ့အတွက် တွဲတိုင်းမှာ တွဲစောင့်တွေ ထားရှိပါတယ်။ တွဲစောင့်တွေက အမှိုက်တွေကို လိုက်လံသိမ်းဆည်းပေးပါတယ်။ သန့်စင်ခန်းမှာဆိုရင်လည်း လက်ဆေးဘေစင်၊ ဆပ်ပြာ၊ ဘိုထိုင်တွေ ပါပါတယ်။ မိလ္လာစနစ်ဆိုရင် စက်ရုံရောက်တဲ့အခါမှာ မိလ္လာသန့်စင်စက်နဲ့ သန့်ရှင်းရေးလုပ်ပါတယ်။ ရေရှည်အသုံးပြုနိုင်ဖို့အတွက် စနစ်တကျအသုံးပြုပေးခြင်းဖြင့် ကူညီပေးကြပါလို့ ပြောချင်ပါတယ်။

ခရီးသည်လုံခြုံရေးအတွက်ဆိုရင်လည်း ရထားထွက်ပြီဆိုတာနဲ့ အသိပေးကြေညာပြီး တံခါးက အလိုအလျောက်ပိတ်သွားတဲ့အတွက် လုံခြုံမှုက အပြည့်အဝ ရရှိစေပါတယ်။ လက်မှတ်စစ်ကလည်း မှတ်ပုံတင်နဲ့တကွ သေချာစိစစ်တာဖြစ်တဲ့အတွက် လူပိုလူလျှံတင်ဆောင်လို့မရပါဘူး။ ရထားလက်မှတ်ဝယ်ယူမှုအနေနဲ့ ရိုးရိုးတန်းဆိုရင် တစ်ရက်ကြိုရောင်းပါတယ်။ အထက်တန်းဆိုရင် သုံးရက်ကြိုရောင်းချပါတယ်။ ရန်ကုန်-နေပြည်တော် ပြေးဆွဲနေတဲ့ အမှတ်(၇)အဆန်၊ အမှတ်(၈)အစုန်ဆိုရင် ရိုးရိုးတန်းမပါပါဘူး။ ပထမတန်းနဲ့၊ အထက်တန်းပဲ ပါပါတယ်။ လက်ရှိဘူတာရုံတွေမှာ သုံးရက်ကြိုစနစ်နဲ့ ရောင်းချပေးနေပါတယ်။ အွန်လိုင်းကနေ အလွယ်တကူ ဝယ်ယူနိုင်ဖို့အတွက်လည်း စီစဉ်ဆောင်ရွက်နေပါတယ်။

**ဦးဇော်မင်းသန်း**
**(စက်ခေါင်းမောင်း-၂ အထူး)**

ကျွန်တော်က ရထားစက်ခေါင်းမောင်းရတာကို ဝါသနာပါပါတယ်။ ခရီးသည်တွေကိုလည်း စိတ်ချမ်းမြေ့စွာနဲ့ အန္တရာယ်ကင်းအောင် လိုက်လံပို့ဆောင်ရတဲ့အတွက် ဝမ်းသာကျေနပ်မိပါတယ်။ ကျွန်တော်က ရန်ကုန် - မန္တလေး အမြန်ရထား၊ ရန်ကုန် - နေပြည်တော် အမြန်ရထားနဲ့ ရန်ကုန်-မော်လမြိုင် အမြန်ရထားတွေကို မောင်းနှင်ရပါတယ်။ အခုမောင်းနှင်ရတာကတော့ အရင်နဲ့ မတူတော့ပါဘူး။ အခုကတော့ မီးရထားလမ်းပိုင်းတွေကိုလည်း အဆင့်မြှင့်တင်ထားတယ်။ အချက်ပြစနစ်တွေကိုလည်း အဆင့်မြှင့်တင်ထားတဲ့အတွက် ခရီးစဉ်တွေကတော့ လုံခြုံစိတ်ချရမှုရှိပါတယ်။ DEMU ရထားအသစ်ကြီးကတော့ ပြေးဆွဲတာ မကြာသေးတဲ့အတွက် ခရီးသည်တွေအတွက် ထိတွေ့မှုနည်းသေးပါတယ်။ ဒါကြောင့် ရထားခရီးစဉ်အတွင်း လိုက်နာဆောင်ရွက်ရမှာတွေကိုလည်း နားလည်အောင် ရှင်းပြပေးရပါတယ်။ နောက်ပြီး ရထားက အမြန်နှုန်းမြင့်တဲ့အတွက် လမ်းကြောင်းတစ်လျှောက် တရားမဝင်လမ်းကူးမှုတွေကိုလည်း သတိထားမောင်းနှင်ရသလို လမ်းကြောင်းတစ်လျှောက်က ရွာတွေကို အသိပညာပေးတွေ ဆောင်ရွက်ပေးရပါတယ်။

စာမျက်နှာ ၁၁ သို့

# ကမာရွတ်မြို့နယ်၌ ကျောင်းသား ကျောင်းသူများအား လျှပ်စစ်အန္တရာယ် အသိပညာပေးဟောပြော



**ရန်ကုန် ဩဂုတ် ၂၀**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်၌ ယနေ့ နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း အမှတ်(၃)၌ လျှပ်စစ်အန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေး ဟောပြောသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးအေးဝင်းက လျှပ်စစ်အန္တရာယ်ကင်းစေရေး လက်ကမ်းစာစောင်များဝေခြင်း၊ မြန်မာနိုင်ငံအရပ်ရပ်တွင် ဖြစ်ပေါ်ခဲ့သည့် ဓာတ်လိုက်မှုဖြစ်စဉ်များ၊ တရားမဝင် ဓာတ်အားသုံးစွဲမှုများ စစ်ဆေးတွေ့ရှိမှုကြောင့် လျော်ကြေး/နစ်နာကြေးတောင်းရမှုများ/ တရားစွဲဆိုဆောင်ရွက်ရသည့် အခြေအနေများ၊ လျှပ်စစ်ဓာတ်အားကို ချွေတာသုံးစွဲရမည့် နည်းလမ်းများနှင့် လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး ဆောင်ရန်/ ရှောင်ရန်များ ရှင်းလင်းဆွေးနွေးသည်။ အဆိုပါဟောပြောပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဝင်များနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၀၀ တက်ရောက်ကြသည်။

**စိမ်းလဲ့(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

အခု ရထားအသစ်ကြီးက အရင်မောင်းနှင်ခဲ့တဲ့ ရထားတွေနဲ့ ကွဲပြားခြားနားမှု အများကြီးရှိပါတယ်။ စက်ပိုင်းဆိုင်ရာ၊ ဘရိတ်ပိုင်း၊ တံခါးအဖွင့်အပိတ်အပိုင်း၊ အဲကွန်းစနစ်အပိုင်းတွေမှာ အတော်လေးအဆင့်မြင့်တာမို့ ခရီးသည်တွေအတွက် လုံခြုံစိတ်ချရမှု အတော်လေးရှိပါတယ်။ ဒီရထားကြီးမောင်းနှင်ဖို့အတွက် ဝန်ကြီးဌာနက ဖွင့်လှစ်တဲ့ သင်တန်းတွေ တက်ရပါတယ်။ သင်တန်းကာလအနေနဲ့ နှစ်ပတ်ကနေ သုံးပတ်လောက် တက်ခဲ့ရပါတယ်။ ဒါကြောင့် ရထားအသစ်ကြီးကို ပြည်သူတွေကို စီးစေချင်ပါတယ်။ ရထားက သက်သောင့်သက်သာလည်းဖြစ်တယ်။ အချိန်လည်း မှန်ကန်တယ်။ သန့်ရှင်းမှုလည်းရှိတယ်။ ဘေးအန္တရာယ်ကင်းရှင်းမှုလည်း ရှိတဲ့အတွက် စိတ်ချမ်းသာမှု အပြည့်အဝရရှိမှာ ဖြစ်ပါတယ်။

**ဦးအောင်ကျော်ဦး(လက်မှတ်စစ်-၂)**

ကျွန်တော်က ရန်ကုန်မြို့ကနေ တောင်ငူမြို့အထိ အသွားအပြန် လက်မှတ်စစ်ရပါတယ်။ ရထားခရီးစဉ်မှာ အရေးအကြီးဆုံးအချက်ကတော့ လုံခြုံစိတ်ချရမှုဖြစ်ပါတယ်။ ကားနဲ့ ရထားဆိုရင် မတော်တဆမှု အများဆုံးဖြစ်နိုင်တာကတော့ ကားပဲဖြစ်ပါတယ်။ နောက်ပြီး ကားထက်စာရင် ရထားက သက်သောင့်သက်သာ ပိုရှိပါတယ်။ ကျန်းမာရေးအတွက် အိမ်သာတွေလည်း ရှိတယ်။ အခု ပြေးဆွဲနေတဲ့ DEMU ရထားဆိုရင် ကားတွေနဲ့ ယှဉ်မောင်းနိုင်တဲ့ အမြန်နှုန်းတွေ ဖြစ်လာပါပြီ။ ဒါကြောင့် ရထားမှာ အားသာချက်အများကြီးရှိပါတယ်။ DEMU ရထားကြီး ရေရှည်သန့်ရှင်းသပ်ရပ်စွာ ပြေးဆွဲနိုင်ဖို့အတွက် မီးရထားဝန်ထမ်းတွေအနေနဲ့ ခရီးသည်တွေကို ဝန်ဆောင်မှုပေးရင်းနဲ့ ခရီးသည်တွေ စွန့်ပစ်တဲ့ အမှိုက်တွေကိုလည်း စနစ်တကျ ပြန်လည်သိမ်းဆည်းပြပါတယ်။ ဒီလို သိမ်းဆည်းပြတာကို ခရီးသည်တွေ မြင်သွားတဲ့အခါ အမှိုက်ကိုတွေ့ကရာ မစွန့်ပစ်တော့ဘဲ စနစ်တကျထားသိုသိမ်းဆည်းလာကြပြီး အမှိုက်ပုံးတွေထဲကို စွန့်ပစ်လာကြပါတယ်။

ခရီးသည်တွေအနေနဲ့ ဝန်ထမ်းတွေနဲ့ ပူးပေါင်းဆောင်ရွက်လာကြပါတယ်။ ဘိုထိုင်အိမ်သာတွေကို စနစ်တကျသုံးစွဲဖို့ကိုလည်း လမ်းညွှန်ချက်တွေကို မြန်မာစာသားတွေနဲ့ ရှင်းရှင်းလင်းလင်း ရေးပြထားပါတယ်။ ဒီလို ခေတ်မီရထားကြီးပေါ်မှာ တာဝန်ထမ်းဆောင်ရတဲ့အတွက် ကျွန်တော်တို့ဝန်ထမ်းတွေအနေနဲ့ ဂုဏ်ယူမိပါတယ်။

**ဦးဆန်းဝင်း(တွဲထိန်းကြီးကြပ်)**

ရန်ကုန်-နေပြည်တော် ပြေးဆွဲနေတဲ့ DEMU ရထားတွဲဆိုင်းမှာ တွဲထိန်းအားလုံးကို ကြီးကြပ်ရတဲ့ ခေါင်းဆောင်အဖြစ်နဲ့ တာဝန်ယူရပါတယ်။ ကျွန်တော်က ခရီးစဉ်အစကနေ အဆုံးအထိ ခရီးသည်တွေ စိတ်အေးချမ်းစွာ သက်သောင့်သက်သာနဲ့ လိုက်ပါစီးနင်းနိုင်ဖို့ ကြီးကြပ်ရပါတယ်။ တွဲထိန်းဝန်ထမ်းတွေကိုလည်း တစ်တွဲမှာ တစ်ယောက်နှုန်း ထားရှိပါတယ်။ ခရီးသည်တွေ ရထားပေါ်တက်လာပြီဆိုရင် ခုံနံပါတ်မမှားစေဖို့၊ ခရီးသည်ပါလာတဲ့ အထုပ်တွေကို စနစ်တကျထားရှိစေဖို့နဲ့ ခရီးသည်ရဲ့ လိုအပ်ချက်တွေကို လိုက်လံဖြည့်ဆည်းပေးပါတယ်။ ခရီးသည်တွေ စေဖို့ သေချာလိုက်လံစစ်ဆေးပေးပြီး အန္တရာယ်ကင်းကင်းနဲ့ ဆင်းနိုင်ဖို့ ဝန်ဆောင်မှုပေးပါတယ်။ ဒီရထားမှာ တွဲထိန်းအတွက် မိန်းကလေးတွေလည်း ပါပါတယ်။ ခရီးသည်တွေ စားသောက်ရေး အဆင်ပြေစေဖို့အတွက် ခေါက်ဆွဲပြုတ်၊ ကော်ဖီ၊ လက်ဖက်ရည်နဲ့ မုန့်မျိုးစုံကိုလည်း ဈေးနှုန်းချိုသာစွာနဲ့ ရောင်းချပေးပါတယ်။ ခရီးသည်တွေ စားသုံးပြီးချိန်ဆိုရင် ခရီးသည်တွေရဲ့ အမှိုက်တွေကို လိုက်လံသိမ်းဆည်းပေးပါတယ်။

ဒီရထားကြီး သန့်ရှင်းသပ်ရပ်မှုတွေနဲ့ ရေရှည်တည်တံ့နိုင်ဖို့ ကျွန်တော်တို့က ဝန်ဆောင်မှုပေးသလို ခရီးသည်တွေလည်းဖြစ်ပါတယ်။ အဓိကကတော့ ရထားအတွင်းပိုင်း သန့်ရှင်းသပ်ရပ်ဖို့ကို အလေးထား ဆောင်ရွက်ရပါတယ်။ ခရီးသည်တွေ စွန့်ပစ်ထားတဲ့ အမှိုက်တွေကိုလည်း သေချာလိုက်လံသိမ်းဆည်းပေးပါတယ်။ ခရီးသည်တွေ လိုအပ်တာကိုလည်း စေတနာထားပြီး ဆောင်ရွက်ပေးပါတယ်။ နောက်ပြီး ခရီးသည်တွေ ခရီးစဉ်မှာ သုံးဆောင်ဖို့ ကော်ဖီတွေ၊ မုန့်တွေကိုလည်း ဈေးနှုန်းချိုသာစွာနဲ့ ရောင်းချပေးပါတယ်။ ခရီးသည်တွေ အဆင်ပြေပြေနဲ့ စိတ်ချမ်းမြေ့စွာ လိုက်ပါစီးနင်းကြတာကို မြင်ရတော့ ကျွန်မတို့လည်း ပျော်ရွှင်မိပါတယ်။



စည်းကမ်းတကျ လိုက်ပါစီးနိုင်ဖို့၊ တခြားခရီးသည်တွေကို အနှောင့်အယှက်မဖြစ်စေဖို့ အမြဲတမ်းလိုက်လံစစ်ဆေးနေရပါတယ်။ လေအေးပေးစနစ်နဲ့ ပြေးဆွဲတာဖြစ်တဲ့အတွက် အနံ့အသက်ပြင်းလွန်းတဲ့ သစ်သီးဝလံ၊ ကုန်ပစ္စည်းတွေ တင်မတင်ကိုလည်း စစ်ဆေးရပါတယ်။

ရထားပေါ်မှာ ကွမ်းတံတွေးမထွေးဖို့၊ ဆေးလိပ်မသောက်ဖို့ တွဲအစ၊ တွဲအဆုံး မကြာခဏ လိုက်လံစီစစ်ပါတယ်။ ခရီးသည် အတင်အချကို အချိန် သုံးမိနစ်ပဲ ပေးတဲ့အတွက် ဒီရထားစတင်ပြေးဆွဲစဉ်က အရင်က ရထားတွေလို ခရီးသည်ကို ရထားပေါ်အထိ လိုက်လံပို့ဆောင်ပေးတဲ့သူတွေက ပြန်ဆင်းချိန်မရဘဲ ရထားပေါ် လိုက်ပါမှုတွေ ခဏခဏဖြစ်ပွားပါတယ်။ အဲဒီလို မဖြစ်ပွားစေဖို့ ကျွန်တော်တို့ကပဲ ပစ္စည်းတွေကို သယ်ကူ၊ ချကူပါတယ်။ ရထားထွက်ချိန်တွေကလည်း နာရီပိုင်းတွေ ကွာခြားတဲ့အတွက် မီးရထားနံပါတ်မှားပြီး လိုက်ပါမှုလည်း ရှိပါတယ်။ ဒီကိစ္စရပ်မျိုးတွေ မဖြစ်ပွားရအောင် ကျွန်တော်တို့ တွဲထိန်းတွေက သေချာစိစစ်ပေးရပါတယ်။

ရထားဘူတာတွေမှာ ခရီးသည် အတင်အချပြုလုပ်ရင်လည်း ခရီးသည်ဆင်းရမယ်ဆိုရင် ပစ္စည်းတွေ မကျန်ခဲ့ကလည်း ဝိုင်းဝန်းကူညီပေးကြပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီလိုဝန်ဆောင်မှုပေးရတာကို ဝမ်းသာဂုဏ်ယူမိပါတယ်။ ခရီးသည်တစ်ဦးက ဒီရထားကိုစီးပြီး လိုရာခရီးကို စိတ်အေးချမ်းသာစွာနဲ့ ရောက်ရှိသွားရင် ကျွန်တော်တို့က ပိုပြီး ပီတိဖြစ်ရပါတယ်။ နိုင်ငံတော်အနေနဲ့ကလည်း ခရီးသည်တွေ လိုရာခရီးကို အချိန်အတိအကျရောက်ရှိပြီး စိတ်အေးချမ်းမှုနဲ့ လိုက်ပါစီးနင်းနိုင်ဖို့ ဆောင်ရွက်ထားတာဖြစ်လို့ မြန်မာ့မီးရထားကို စီးနင်းကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။

**မအိမ့်သဲဝေ(တွဲထိန်း)**

DEMU ဂျပန်ရထား ဖေဖော်ဝါရီ ၂၈ ရက်က စတင်ပြေးဆွဲကတည်းက ဝန်ဆောင်မှုပေးခဲ့တာ ဖြစ်ပါတယ်။ အခု ဒီရထားပေါ်မှာ မီးရထားဝန်ထမ်းတစ်ယောက်အနေနဲ့ ဝန်ဆောင်မှုပေးရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ ဒီရထားနဲ့ ငယ်ငယ်တုန်းက စီးဖူးခဲ့တဲ့ ရထားတွေနဲ့က ကွာခြားမှုတွေ အများကြီးရှိပါတယ်။ အရင်တုန်းက ရထားတွေက အလွန်ခုန်ပါတယ်။ ပြတင်းပေါက်တွေလည်း ဖွင့်စီးရတဲ့အတွက် လေသံတွေ၊ သံလမ်းသံနဲ့ ဆူညံသံတွေ ဖြစ်ပါတယ်။ ဒီရထားက လေအေးပေးစနစ်ဖြစ်တဲ့အတွက် အသံလည်း လုံတယ်၊ ခရီးသည်တွေအတွက် သက်သောင့်သက်သာ

**ဒေါ်ရီရီမြင့်(ခရီးသည်)**

ကျွန်မကတော့ ပျဉ်းမနားမြို့မှာ နေထိုင်တာဖြစ်ပါတယ်။ အခု နေပြည်တော်ကနေ ရန်ကုန်ကို အလုပ်ကိစ္စနဲ့ သွားရောက်တာ ဖြစ်ပါတယ်။ အရင်ကတော့ ရန်ကုန်မြို့ကိုပဲဖြစ်ဖြစ်၊ မန္တလေးမြို့ကိုပဲဖြစ်ဖြစ် သွားရင် လေအိတ်ကားတွေနဲ့ပဲ သွားလာခဲ့ကြတာပေါ့။ အခုကျတော့ ခေတ်မီလှတဲ့ ရထားကြီးနဲ့ အဆင့်မီမီ သွားလာလို့ရတဲ့အတွက် အလွန်ကို ကျေနပ်မိပါတယ်။ ဒီလို အေးအေးဆေးဆေး သွားလာနိုင်ခဲ့လိမ့်မယ်လို့ မထင်မှတ်ထားပါဘူး။ ဒီလိုရထားမျိုးကို နိုင်ငံခြားရုပ်ရှင်တွေ၊ ရုပ်မြင်သံကြားတွေထဲကပဲ မြင်ခဲ့ကြည့်ခဲ့ရတာပါ။ အခု ကိုယ့်နိုင်ငံမှာ ကိုယ်တိုင်ကိုယ်ကျ စီးခွင့်ရတဲ့အတွက်လည်း ဂုဏ်ယူမိတယ်။ နောက်ပြီး ရထားက မြန်လည်းမြန်တယ်။ ရထားအတွင်းပိုင်းတွေကလည်း အလွန်ကို သန့်ရှင်းသပ်ရပ်မှုရှိတယ်။ အဲကွန်းလည်းပါတဲ့အတွက် အေးအေးဆေးဆေး စီးရတာပေါ့။

နောက်ပြီး ရထားဝန်ထမ်းတွေက အလှည့်ကျကော်ဖီတွေ၊ ခေါက်ဆွဲပြုတ်တွေ ရောင်းချပေးတဲ့အတွက် စားသောက်ရေးအတွက် မပူပန်ရတော့ဘူး။ သူတို့လာရောက်ရောင်းချပေးတဲ့ ဈေးနှုန်းကလည်း ချိုသာတာကို တွေ့ရပါတယ်။ အခု ရထားကြီးကြောင့် စိတ်ချမ်းမြေ့ရတဲ့ ခရီးစဉ်တစ်ခုလည်း ဖြစ်ပါတယ်။ ခရီးသွား ပြည်သူတွေအနေနဲ့လည်း သက်သောင့်သက်သာနဲ့ ခရီးသွားချင်ရင် DEMU ရထားအသစ်ကြီးကို စီးကြည့်ကြဖို့ တိုက်တွန်းလိုပါတယ်။

**ကိုကောင်းမြတ်ဦး(ခရီးသည်)**

ကျွန်တော်ကတော့ ရန်ကုန်မြို့ကနေ နေပြည်တော်ကို အလုပ်ကိစ္စနဲ့ ခရီးသွားမှာ ဖြစ်ပါတယ်။ ဒီတစ်ခေါက်နဲ့ ဆိုရင်တော့ ရထားစီးဖူးတာ နှစ်ကြိမ်ရှိပါပြီ။ ဒီရထားအသစ်ကြီးကတော့ ပြောစရာကို မလိုအောင် စီးလို့ကောင်းပါတယ်။ သန့်ရှင်းမှုလည်းရှိတယ်။ မြန်လည်း မြန်တယ်။ အချိန်တိကျမှုလည်းရှိတယ်။ ကိုယ်ရောက်နေတဲ့ ဘူတာကို ချက်ချင်းသိရသလို နောက်ရောက်မယ့် ဘူတာကိုလည်း ကြိုတင်ကြေညာပေးတဲ့ အချက်ကိုလည်း အတော်လေး သဘောကျမိတယ်။ အိမ်သာတွေကလည်း ထင်မထားလောက်အောင်ကို သန့်ရှင်းတယ်။ အဆင့်မီတယ်။

ပြည်သူတွေအနေနဲ့လည်း စည်းကမ်းတကျနဲ့ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာမယ်ဆိုရင် ရထားကြီးကတော့ အမြဲတမ်းခေတ်မီနေမှာပါ။ တခြားနိုင်ငံတွေနဲ့ ရင်ပေါင်တန်းနေနိုင်ပြီလို့လည်း ခံစားမိပါတယ်။ မြန်မာ့မီးရထားကတော့ တော်တော်လေး တိုးတက်လာပါပြီ။ ဒီလိုမျိုး အရှိန်အဟုန်နဲ့ ဆက်သွားမယ်ဆိုရင် ကျွန်တော်အပါအဝင် ပြည်သူတွေအများစုက ရထားစီးနင်းလာကြတော့မှာပါ။

**မဘရဏီဇော်ဝင်း(ခရီးသည်)**

ကျွန်မက ရန်ကုန်မြို့ကနေ တောင်ငူမြို့ကို မိသားစုနဲ့အတူ အလည်အပတ်သွားမှာဖြစ်ပါတယ်။ ဒီရထားအသစ်ကြီးကိုတော့ အခုမှ ပထမဆုံး စီးဖူးတာဖြစ်ပါတယ်။ အရင်စီးခဲ့ဖူးတဲ့ ရထားတွေကတော့ အဲကွန်းလည်းမပါဘူး။ ပြတင်းပေါက်တော့ ဖွင့်လို့ရပေမယ့် နည်းနည်းအခက်အခဲရှိတယ်။ သက်သောင့်သက်သာ သိပ်မရှိဘူး။ အခု ရထားကြီးကတော့ စိတ်ချမ်းမြေ့စရာပါပဲ။ အဆင့်မီမီစီးရတယ်လို့ စိတ်ထဲခံစားမိပါတယ်။ အဲကွန်းတွေ၊ ဘိုထိုင်အိမ်သာတွေနဲ့ဆိုတော့ ခရီးသွားရတာ ပင်ပန်းတယ်လို့ မခံစားမိပါဘူး။ ဝန်ထမ်းတွေကလည်း ဆက်ဆံရေးကောင်းကြတယ်။ ဒီ DEMU ရထားသစ်ကြီးမှာ အားနည်းချက်ကို ရှာမတွေ့ခဲ့ပါဘူး။ ဒါကြောင့် ပြည်သူတွေအနေနဲ့လည်း စီးကြည့်ကြပါ။ ပျော်ရွှင်ဖွယ်ရာ ခရီးစဉ်တစ်ခုဖြစ်လာမှာပါလို့ ပြောလိုပါတယ်။ ။

**တွေ့ဆုံမေးမြန်း - အောင်ရဲသန့်**
**ဓာတ်ပုံ - အောင်သန့်**

# အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဆင်းပွဲ ကျင်းပ





**နေပြည်တော် ဩဂုတ် ၂၀**

အဆင့်မြင့်အရာထမ်း သင်တန်း အမှတ်စဉ် (၂၀)၏ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) နဂရတ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းဦးနှင့် အဖွဲ့ဝင် ဦးဆန်းမြင့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ပါမောက္ခချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တက္ကသိုလ်သင်ကြား/စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမင်းဦးက အဆင့်မြင့်အရာရှိကြီးများအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏ လုပ်ငန်းကျွမ်းကျင်မှု၊ အရည်အချင်းပြည့်ဝမှု၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှုတို့နှင့်အတူ ပြည်သူလူထု၏ဆန္ဒသဘောထားကို အလေးထား၍ တာဝန်ထမ်းဆောင်ကြရန် လိုကြောင်း၊ သင်တန်းကရရှိခဲ့သည့် အတွေ့အကြုံဗဟုသုတများကို မိမိတို့လုပ်ငန်းခွင်တွင် လက်တွေ့အကျိုးရှိရှိ အသုံးချကြရန်နှင့် နိုင်ငံတော်၏ စီမံအုပ်ချုပ်မှုယန္တရားအတွင်း ကျရာကဏ္ဍမှ တာဝန်ကျေပွန်စွာ ထမ်းရွက်ရုံသာမက စိတ်စေတနာကောင်းများဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုတို့နှင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၂၃ ဦး၊ သင်တန်းသူ ၂၃ ဦး စုစုပေါင်း ၄၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇွန်၂၃ ရက်မှ ဩဂုတ် ၂၀ ရက်အထိဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌသည် တက္ကသိုလ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး တက္ကသိုလ်၏စီမံခန့်ခွဲရေး၊ လေ့ကျင့်ရေးနှင့် လုံခြုံရေးဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားပြီး တက္ကသိုလ်အတွင်း အသားစားကြက်များ မွေးမြူထားရှိမှု၊ တက္ကသိုလ် အဝင်ဂိတ်များနှင့် ဝန်ထမ်းအိမ်ရာများ၊ သင်တန်းအိပ်ဆောင်အလိုက် သင်တန်းသူ သင်တန်းသားများ စိုက်ပျိုးထားရှိသည့် ရာသီသီးနှံစိုက်ခင်းများ၊ သင်တန်းအလိုက် သင်ခန်းစာပို့ချနေမှုနှင့် စစ်ရေးပြလေ့ကျင့်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် တက္ကသိုလ်ရှိ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ ဩဝါဒအမှာစကားပြောကြားကာ အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံ သင်တန်းအမှတ်စဉ် (၈၀)မှ သင်တန်းသူများနှင့်အတူ ညနေစာ သုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❏ *ကျောဖုံးမှ*

နေပြည်တော် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ စက်မှုဌာနခွဲမှ ကျွမ်းကျင် အင်ဂျင်နီယာအဖွဲ့သည် ဩဂုတ် ၁၇ ရက် ညနေပိုင်းမှစ၍ ထိခိုက်ပျက်စီးခဲ့သည့် ထုတ်လွှင့်ရေးတာဝါတိုင်၊ ထုတ်လွှင့်ရေး အင်တီနာနှင့် High Frequency Feeder Cable တို့အား နေ့ညကြိုးပမ်းပြုပြင်ခြင်း၊ ပျောက်ဆုံးခဲ့သည့် လွှင့်စက်နှင့် ဆက်စပ်ပစ္စည်းများအား အစားထိုးတပ်ဆင်ခြင်းများဖြင့် ဦးစားပေးစီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် မြန်မာ့အသံရေဒီယိုနှင့် FM အစီအစဉ်များ ပြန်လည်ထုတ်လွှင့်နိုင်ရေးအတွက်လည်း ဆက်လက်ပြုပြင်လျက်ရှိပြီး စက်ရုံအဆောက်အအုံနှင့် အုတ်တံတိုင်းပျက်စီးမှုများကိုလည်း ဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်သော အစီအစဉ်များကို DTH စနစ်ဖြင့်လည်း နိုင်ငံတစ်ဝန်းသို့ တိုက်ရိုက်ထုတ်လွှင့်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

သွင်းယူသည့် ဂိုးသွင်းခွင့်များကို လက်စွမ်းပြကာကွယ်နိုင်ခဲ့သဖြင့် အကောင်းဆုံးဂိုးသမားဆု ရရှိခဲ့ခြင်းဖြစ်သည်။ ဝင်းသိဂီထွန်းသည် ဗိုလ်လုပွဲမှလွဲ၍ အုပ်စုသုံးပွဲနှင့် ဆီမီးဖိုင်နယ်တို့တွင် ဂိုးသွင်းယူနိုင်ခဲ့ပြီး တီမောအသင်းနှင့် အုပ်စုပွဲတွင် ဟက်ထရစ်သွင်းယူနိုင်ခဲ့သည်။ ထို့ပြင် ပွဲစဉ်အလိုက် အကောင်းဆုံးဆုကိုလည်း သုံးပွဲဆက်တိုက်ရရှိခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယခုနှစ် အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် ၁၀ နှစ်ကြာဝေးကွာနေသည့် ဗိုလ်လုပွဲသို့ တစ်ကျော့ပြန်တက်ရောက်နိုင်ခဲ့သော်လည်း ဩစတြေးလျအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ကာ ချန်ပီယံဆုနှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ- MFF**

❖ *ကျောဖုံးမှ*

အိုဆာဆူနာအသင်းသည် ၂၀၁၁ ခုနှစ်နောက်ပိုင်း လာလီဂါတွင် ရီးရဲမက်ဒရစ်အသင်းကို နိုင်ပွဲရရှိရန် ခြေကုန်ထုတ်လာခဲ့သော်လည်း အသင်းစွမ်းဆောင်ရည်ပိုင်း လိုအပ်ချက်များစွာရှိနေသည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။

ထို့အပြင် အိုဆာဆူနာအသင်းသည် ရီးရဲမက်ဒရစ်အသင်း၏ ဖိအားပေးကစားမှုအောက် ပုံစံကောင်း ပျောက်ဆုံးခဲ့ပြီး ဂိုးပေါက်ခြိမ်းခြောက်မှု နှစ်ကြိမ်သာပြုလုပ်နိုင်ခဲ့သည်။ အိုဆာဆူနာအသင်းကစားသမား အဘဲလ်ဘရီတုန်းစ်သည် ပွဲကစားချိန်ပြည့်ခါနီးတွင် တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။

လာလီဂါပွဲစဉ် (၁) ကစားပြီးချိန်တွင် အမှတ်ပေးဇယားကို ဘာစီလိုနာအသင်းက ဦးဆောင်ထားပြီး ရီးရဲမက်ဒရစ်အသင်းက အဆင့် (၈) တွင် ရပ်တည်နေသည်။ လာလီဂါပွဲစဉ် (၂) အဖြစ် ဩဂုတ် ၂၄ ရက်တွင် အိုဆာဆူနာအသင်းက ဗလင်စီယာအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ဩဂုတ် ၂၅ ရက်တွင် ရီးရဲမက်ဒရစ်အသင်းက ရီးရဲအိုဗီဒိုအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **အောင်ဇော်**

## အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဒီရေတောသစ်ပင်စိုက်ပျိုး



**ကျွန်းစု ဩဂုတ် ၂၀**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ကျွန်းစုမြို့နယ် ကတ္တလူကျေးရွာ၌ သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဒီရေတောသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား ဒီရေတောပျိုးပင်များ ဖြန့်ဝေပေးကာ စုပေါင်းသစ်ပင် စိုက်ပျိုးကြပြီး တက်ရောက်လာသူများ၏ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြ၍ လေကာတန်း အုန်းပင်များ စိုက်ပျိုးပေးသည်။

ထို့နောက် ကတ္တလူကျေးရွာ၌ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ပြည့်ဖြိုးထွန်းကုမ္ပဏီ၏ ခေတ်မီရေငန်ပုစွန်မွေးမြူရေး စီမံကိန်း ရှင်းလင်းဆောင်၌ ပြည့်ဖြိုးထွန်းကုမ္ပဏီအုပ်ချုပ်မှု ဒါရိုက်တာက ကတ္တလူခေတ်မီရေငန်ပုစွန်မွေးမြူရေးဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပုစွန်မွေးမြူရေးကန် ၆၄ ကန်ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ကျွန်းစုမြို့ အမှတ်(၄)ရပ်ကွက်၌ ထပ်မံတိုးချဲ့နေသော ပုစွန်မြူရေးကန် ၇၆ ကန်တွင် ဆောင်ရွက်ပြီးစီးသည့် ပုစွန်ကန် ၃၀ စမ်းသပ်မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးပြီး 0.4 kv to 11kv step up အမျိုးအစား 4MVA ထရန်စဖော်မာ နှစ်လုံးနှင့်တွဲပြီး 1450 kva မီးစက်ကြီးများ တပ်ဆင်ထားသော Power house ကို ကြည့်ရှုအားပေးခဲ့ကြသည်။ **ခိုင်ထူး(ပြန်/ဆက်)**

## နောင်ချိုမြို့ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသားကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အခြေခံပညာကျောင်း သုံးကျောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့၍ နောင်ချိုမြို့နယ်အတွင်း စုစုပေါင်း အခြေခံပညာကျောင်း ၇၈ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပြီး ကျောင်းသား ကျောင်းသူ ၄၅၅ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၉၆၇၂ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။



ထို့အပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၃၈ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ဒေသခံတိုင်းရင်းသား ပြည်သူ ၃၆ ဦးအား သွေးအမျိုးအစား စစ်ဆေးပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ သုံးဦးအား ငှက်ဖျားပိုးစစ်ဆေးခြင်းများဆောင်ရွက်ပေးပြီး အတွင်းလူနာအဖြစ် ဒေသခံတိုင်းရင်းသားပြည်သူ ၃၄ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်ရုံး (နေပြည်တော်)
  (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁
(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
  (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂
(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
  (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆
(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
  (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
  (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀
(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
  (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄
(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇
(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈
(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉
(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
  (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀
(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
  (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁
(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
  (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂
(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
  (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃
(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
  (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄
(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
  (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅
(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
  (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြုအသင်းက တံခွန်စိုက်ဒိုင်းဆုရရှိ

**နေပြည်တော် ဩဂုတ် ၂၀**

၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မိတ္ထီလာတပ်နယ်ရှိ တပ်နယ်အားကစားခန်းမ၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် မိတ္ထီလာတပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းတို့၏ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မိတ္ထီလာတပ်နယ်မှ တာဝန်ရှိသူများက တံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**



အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ ပြိုင်ပွဲဝင်အသင်း ၁၇ သင်းဖြင့် ဩဂုတ် ၁၁ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား ၉၄ ဦး သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်

**နေပြည်တော် ဩဂုတ် ၂၀**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၉၄ ဦးအား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ ပြည်နှင်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။



ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးဌာန မှုခင်းရဲတပ်ဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.Chen Jian Feng နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။ **(အောက်ဝဲပုံ)**

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဩဂုတ် ၂၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၃၁ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၂၀၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၆ ဦးကို သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး အထူးသဖြင့် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများအား အမျိုးသားရေးအသွင်ဖြင့် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဖွံ့ဖြိုးဆဲနိုင်ငံများရှိကလေးများကို ကူညီပေးနိုင်မည့် ကာကွယ်ဆေးဖွံ့ဖြိုးတိုးတက်ရေးနှင့် သုတေသနလုပ်ငန်းများတွင်ပါဝင်ကြရန် ဘီလ်ဂိတ်တောင်းဆို

တိုကျို ဩဂုတ် ၂၀

မိုက်ခရိုဆော့ဖ်ကုမ္ပဏီ ပူးတွဲတည်ထောင်သူ ဘီလ်ဂိတ်သည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကလေးငယ်များကို ကူညီပေးနိုင်မည့် ကာကွယ်ဆေး ထုတ်လုပ်ခြင်း၊ အခြားသောဆေးထုတ်ကုန်များ ထုတ်လုပ်ခြင်းနှင့် သုတေသနလုပ်ငန်းများတွင်ပါဝင်ကြရန် ကမ္ဘာတစ်ဝန်းမှ စီးပွားရေးလုပ်ငန်းရှင်များထံ တောင်းဆိုခဲ့သည်။

ဩဂုတ် ၁၉ ရက်က တိုကျိုမြို့၌ပြုလုပ်သည့် အခမ်းအနားသို့ ကုမ္ပဏီများနှင့် တက္ကသိုလ်များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ တိုကျိုမြို့အနီး ယိုကိုဟားမား၌ ဩဂုတ် ၂၀ ရက်က ပြုလုပ်သည့် အာဖရိကဖွံ့ဖြိုးတိုးတက်ရေး တစ်ကမ္ဘာလုံးဆိုင်ရာ ညီလာခံ မတိုင်မီ ဘီလ်ဂိတ်သည် ဂျပန်နိုင်ငံ၌ ရောက်ရှိနေသည်။

ဘီလ်ဂိတ်က ကူးစက်ရောဂါများနှင့်အခြားသော ကျန်းမာရေးဆိုင်ရာ ပြဿနာများကို ဖွံ့ဖြိုးဆဲနိုင်ငံများ ကိုင်တွယ်ဖြေရှင်းရာတွင် ၎င်းတည်ထောင်ထားသည့် ဖောင်ဒေးရှင်းမှတစ်ဆင့် ကူညီပေးလျက်ရှိသည်ဟု အခမ်းအနားသို့တက်ရောက်လာကြသူများကို ပြောသည်။ ရန်ပုံငွေနှင့် ပတ်သက်သည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရကြောင်းလည်း ၎င်းကဆက်လက်ပြောသည်။

ဥရောပနိုင်ငံများက ဘဏ္ဍာရေးအရထောက်ပံ့ပေးမှုကို ဖြတ်တောက်နေသည့်အတွက် အချို့သောလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့များသည် ၎င်းတို့၏လုပ်ငန်းဆောင်တာများ ဆက်လက်လုပ်ဆောင်ရန် အခက်အခဲများရှိလာသည်။

အင်န်အိတ်ချ်ကေ



# နယူးဇီလန်နိုင်ငံ၌ ၂၀၂၃ ခုနှစ်က ဂါဘရီရယ်မုန်တိုင်းကြောင့် မြေပြိုကျမှုပေါင်း ရှစ်သိန်းကျော် စံချိန်တင်ဖြစ်ပွားခဲ့ဟု လေ့လာမှုတစ်ရပ်တွင် ဖော်ပြ

ဝယ်လင်တန် ဩဂုတ် ၂၀

နယူးဇီလန်နိုင်ငံ၌ ၂၀၂၃ ခုနှစ်က ဝင်ရောက်တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း ဂါဘရီရယ်သည် ကမ္ဘာတစ်ဝန်း မှတ်တမ်းတင်ခဲ့ဖူးသမျှထဲတွင် အဆိုးရွားဆုံး မြေပြိုကျမှုများထဲမှ တစ်ခုဖြစ်ကြောင်း ဩဂုတ် ၁၉ ရက်က ထုတ်ပြန်သော လေ့လာမှုတစ်ရပ်အရ သိရသည်။



ဆိုင်ကလုန်းမုန်တိုင်း ဂါဘရီရယ်ကြောင့် မြေပြိုကျမှုပေါင်း ၈၀၀၀၀၀ ကျော် ဖြစ်ပွားခဲ့ပြီး နယူးဇီလန်နိုင်ငံ မြောက်ကျွန်းဒေသတွင် စတုရန်းကီလိုမီတာ ၁၀၀ ခန့် ဖုံးလွှမ်းသွားခဲ့ကြောင်း ကမ္ဘာ့မြေသိပ္ပံဆိုင်ရာ နယူးဇီလန်အဖွဲ့က ထုတ်ပြန်သော ခွဲခြမ်းစိတ်ဖြာချက်များအရ သိရသည်။

Landslides ဂျာနယ်တွင် ဖော်ပြထားသော ခွဲခြမ်းစိတ်ဖြာချက်များတွင် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလက ဖြစ်ပွားခဲ့သော ဆိုင်ကလုန်းမုန်တိုင်းအတွင်း မိုးအလွန်သည်းထန်စွာ ရွာသွန်းခဲ့ပြီး မြေပြိုကျမှုများ အကြီးအကျယ်ဖြစ်ပေါ်စေခဲ့ကြောင်း တွေ့ရသည်။

အချို့နေရာများတွင် ၂၄ နာရီအတွင်း မိုးရေချိန် ၅၀၀ မီလီမီတာအထိ စံချိန်တင်ရောက်ရှိခဲ့ကြောင်း၊ ယင်းပမာဏမှာ ယခင်က စံချိန်တင်ခဲ့သည့် ပမာဏထက် ၅၀ ရာခိုင်နှုန်း ပိုများပြားခဲ့ကြောင်း ရာသီဥတုဆိုင်ရာ သိပ္ပံပညာရှင်တစ်ဦးဖြစ်သူ ထရီဗာကာရေး စမစ်ဇ်က ပြောသည်။

ဆင်ဟွာ

# ဩစတြေးလျနိုင်ငံအရှေ့ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးမှုသတိပေးချက်ထုတ်ပြန်

ဆစ်ဒနီ ဩဂုတ် ၂၀

ဩစတြေးလျနိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းကို ပြင်းထန်စိုစွတ်သည့် ရာသီဥတုရိုက်ခတ်မှုကြောင့်ဖြစ်ပေါ်လာနိုင်သော ရေကြီးမှုအန္တရာယ်ကို ကြိုတင်ပြင်ဆင်ထားကြရန် နယူးဆောက်ဝေးပြည်နယ်ရှိ သန်းနှင့်ချီသော နေထိုင်သူများကို ဩဂုတ် ၂၀ ရက်က သတိပေးထားသည်။

ဆစ်ဒနီမြို့အပါအဝင် ပြည်နယ်ကမ်းရိုးတန်း ၁၀၀၀ ကီလိုမီတာနီးပါးအကွာရှိ ပြည်သူများအတွက် မိုးသည်းထန်စွာ ရွာသွန်းနိုင်ကြောင်း သတိပေးချက်ကို နယူးဆောက်ဝေးပြည်နယ် အာဏာပိုင်များက ဩဂုတ် ၂၀ ရက်တွင် ထုတ်ပြန်ခဲ့သည်။

မကြာသေးမီလပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုဒဏ် ခံစားခဲ့ရသော အချို့ဒေသများသည် ရေကြီးမှုနှင့်ကြုံတွေ့နိုင်သည်ဟု နယူးဆောက်ဝေးပြည်နယ် အရေးပေါ်ဝန်ဆောင်မှုဌာန လက်ထောက်ကော်မရှင်နာ ဒက်ဘီပလက်ဇ်က ဩဂုတ် ၂၀ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ယခုနှစ်အတွင်း ထူးခြားသည့်ရာသီဥတုဖြစ်စဉ်များ၊ ရေကြီးရေလျှံမှုနှင့် ပျက်စီးဆုံးရှုံးမှုအများအပြားကို ကြုံတွေ့ခဲ့ရကြောင်း၊ လူမှုအသိုင်းအဝိုင်းတစ်ခုလုံး ပင်ပန်းနေပြီဖြစ်ကာ စေတနာ့ဝန်ထမ်းများလည်း ပင်ပန်းနေပြီကိုနားလည်ကြောင်း ၎င်းကဆက်ပြောသည်။ ဆစ်ဒနီမြောက်ပိုင်းဒေသများတွင် မေလအတွင်းက ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ပြီး ငါးဦးသေဆုံးခဲ့သည်။

ဆင်ဟွာ



# ယခုနှစ်အတွင်း ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားခရီးသွား သန်း ၂၀ ကျော်လွန်

ဗန်ကောက် ဩဂုတ် ၂၀

၂၀၂၅ ခုနှစ်အတွင်း ထိုင်းနိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားခရီးသွားဧည့်သည် ၂၀ ဒသမ ၈၁ သန်းရှိပြီး ယမန်နှစ်နှင့်နှိုင်းယှဉ်လျှင် ၇ ဒသမ ဝ၄ ရာခိုင်နှုန်း ကျဆင်းသွားသည်ဟု ဩဂုတ် ၁၉ ရက်က ထုတ်ပြန်သည့် တရားဝင်အချက်အလက်များအရသိရသည်။

ဩဂုတ် ၁၇ ရက်အထိ ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားခရီးသွားဧည့်သည်များအနက် တရုတ်နိုင်ငံက ၂ ဒသမ ၉၃ သန်းခန့်ဖြင့် အများဆုံးဖြစ်သည်။ ယင်းနောက်တွင် မလေးရှားက လာရောက်သည့် ခရီးသွား ၂ ဒသမ ၈၇ သန်းဖြင့် ဒုတိယအများဆုံးဖြစ်ကြောင်း၊ ထို့အပြင် နောက်ထပ်အများဆုံးနိုင်ငံများမှာ အိန္ဒိယ၊ ရုရှားနှင့် တောင်ကိုရီးယားနိုင်ငံတို့မှဖြစ်ကြောင်း ထိုင်းနိုင်ငံ၏ ခရီးသွားလာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။

ထိုင်းနိုင်ငံသည် ယခုနှစ်အတွင်း နိုင်ငံခြားခရီးသွားများထံမှ အခွန်ငွေ အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၇၃ ဘီလီယံရရှိပြီးဖြစ်သည်ဟု ဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ ခရီးသွားလုပ်ငန်းသည် ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားလည်းဖြစ်ပြီး နိုင်ငံ့ဂျီဒီပီ၏ ၁၄ ဒသမ ၇၁ ရာခိုင်နှုန်းရှိသည်။ ခရီးသွားလုပ်ငန်းမှ အလုပ်အကိုင်ရရှိမှုမှာလည်း ၁၁ ဒသမ ၉၈ ရာခိုင်နှုန်းရှိသည်။ ဆင်ဟွာ

# ပါကစ္စတန်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ၁၁ ဦးထက်မနည်း သေဆုံး

ကရာချိ ဩဂုတ် ၂၀

ပါကစ္စတန်တောင်ပိုင်း ဆိပ်ကမ်းမြို့ဖြစ်သော ကရာချိမြို့၌ မိုးရွာသွန်းမှုနှင့်ဆက်စပ်သည့် မတော်တဆမှုများကြောင့် ၁၁ ဦးထက်မနည်းသေဆုံးခဲ့ပြီး ၁၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ဩဂုတ် ၂၀ ရက်တွင် ပြောကြားသည်။



စံချိန်တင် မိုးရွာသွန်းခဲ့သောကြောင့် ကရာချိမြို့ အနီးဝန်းကျင်ဒေသများတွင် ရေလွှမ်းမိုးနစ်မြုပ်ခဲ့ပြီး လေကြောင်းလိုင်းများ နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပွားခဲ့သည်။ ထို့ပြင် လျှပ်စစ်မီးများလည်း ပြတ်တောက်ခဲ့သည်။

နိုင်ငံပိုင်ကယ်ဆယ်ရေးဌာန၏ပြောကြားချက်အရ ဆင်းဒ်ပြည်နယ် တောင်ပိုင်းမြို့တော် ကရာချိတွင် ဩဂုတ် ၁၉ ရက် နံနက်ပိုင်းမှစကာ မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် သေဆုံးခဲ့သူများမှာ ဓာတ်လိုက်၍သော်လည်းကောင်း၊ ရေနစ်၍သော်လည်းကောင်း၊ နံရံပြိုကျ၍သော်လည်းကောင်း သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆင်းဒ်ပြည်နယ် အစိုးရသည် ရေကြီးမှုမှ ပြည်သူများကို ကူညီသည့်အနေဖြင့် ဩဂုတ် ၂၀ ရက်ကို အများပြည်သူအားလပ်ရက်အဖြစ် ကြေညာခဲ့ပြီး ကျောင်းများနှင့် ရုံးများကို ပိတ်ပေးခဲ့သည်။

မြို့တော်ဝန်က မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်ပတ်သက်၍ အရေးပေါ် အခြေအနေတစ်ရပ် ကြေညာခဲ့ပြီး ကယ်ဆယ်ရေးနှင့် သန့်ရှင်းရေးအဖွဲ့များကို ဖြန့်ကြက်ချထားခဲ့သည်။ ထို့အတူ ဆင်းဒ်ပြည်နယ် အုပ်ချုပ်ရေးမှူးက အစိုးရအိမ်တော်ကို မိုးရွာသွန်းမှုကြောင့် ရေဘေးဒုက္ခခံစားနေရသူများအတွက် ယာယီနားခိုရာနေရာအဖြစ် ဖွင့်လှစ်ပေးခဲ့သည်။

ကရာချိမြို့ဂျင်နက်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိလေကြောင်းလိုင်းများလည်း နှောင့်နှေးကြန့်ကြာမှုနှင့်ဖျက်သိမ်းမှုများဖြစ်ပွားခဲ့သည်။

ပြည်နယ်အစိုးရက သက်ဆိုင်ရာ ဌာနများကို ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် တိုက်တွန်းထားပြီး ပြည်သူများကို အိမ်တွင်း၌နေထိုင်ရန်၊ မလိုအပ်ဘဲ ခရီးသွားလာခြင်း မပြုရန်နှင့် လျှပ်စစ်မီးတိုင်နား မသွားရန် သတိပေးထားသည်။

ကရာချိမြို့တွင် ဩဂုတ် ၂၃ ရက်အထိ မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းနိုင်ခြေရှိသည်ဟု ပါကစ္စတန် မိုးလေဝသဌာနက သတိပေးချက် ထုတ်ပြန်ထားသည်။ ဆင်ဟွာ

## စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေး ငလျင်ဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

**စစ်ကိုင်း ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေး၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ကုန်တင်ယာဉ်ကြီးများ၊ ဆီသယ်ယာဉ်များ အဆင်ပြေစွာ ဖြတ်သန်းသွားလာနိုင်ရေး သယ်ယူပို့ဆောင်ပေးလျက်ရှိသော ဇက်ကူးတို့များ ကမ်းကပ်ရန်နေရာအတွက် စစ်ကိုင်းဘက်ကမ်းနှင့် မန္တလေးဘက်ကမ်းတို့အား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ **(ယာပုံ)**

ထို့နောက် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများသည် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်မြတ်ကြီး တောင်ဘက်မုခ်ဦးနှင့် စောင်းတန်းအသစ်ပြန်လည်တည်ဆောက်ရန်အတွက် ဖောင်ဒေးရှင်းတူး၍ အောက်ခံကွန်ကရစ်လောင်းနေမှု၊ ဘုရားကြီး၏အတွင်းမုခ်ဦးများ ပြန်လည်ပြုပြင်နေမှု၊ ပန်းတောရပ်ကွက်ရှိ မဟာမင်္ဂလာစေတီတော်ကြီး ပြန်လည်ပြုပြင်မွမ်းမံနေမှု၊ ပိုးတန်းရပ်ကွက်ရှိ ထူပါရုံစေတီတော်ကြီး အာရုံခံတန်ဆောင်းအသစ် ပြန်လည်တည်ဆောက်နေမှုလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းအဖွဲ့များ၊ ဂေါပကအဖွဲ့များနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**



## ကျောက်တံတားမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက် လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက်

**ကျောက်တံတား ဩဂုတ် ၂၀**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ဩဂုတ် ၁၈ ရက်က ဆူးလေဘုရားလမ်းရှိ အမှတ် ၇၇ ဟိုတယ်နှင့် ခရီးသွားလာရေး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဥက္ကာက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်မေဖူးမြင့်ခိုင်က မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် အသုံးပြု၍ ဆန္ဒပြုခန်းအတွင်း မဲပေးပုံအဆင့်ဆင့်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရပ်ကွက်နေပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့ သရုပ်ပြစမ်းသပ် မဲပေးကြသည်။

**မြို့နယ် (ပြန်/ဆက်)**

## ပြည်မြို့၌ ဒုတိယအကြိမ် ခရိုင်အဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ပြည် ဩဂုတ် ၂၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီက ကြီးမှူးကျင်းပသော ဒုတိယအကြိမ် ခရိုင်အဆင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ပြည်ပညာရေးဒီဂရီ ကောလိပ်ဝင်းအတွင်း၌ ကျင်းပသည်။



ဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်စိုးဦးဟန်က ပြည်ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာမင်းမင်းသိမ့်ထံသို့လည်းကောင်း၊ ပြည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်က ကောလိပ်ကျောင်းသားကျောင်းသူများထံသို့ လည်းကောင်း ပျိုးပင်များစိုက်ပျိုးရန် ဖြန့်ဝေပေးအပ်သည်။

ထို့နောက် တမာပင်၊ ပျဉ်းမ၊ ပိတောက်၊ မဟော်ဂနီ၊ ရေတမာ၊ ပျဉ်းကတိုး၊ ကံ့ကော်နှင့် ခရေ အပါအဝင် ပျိုးပင်ပေါင်း ၁၁၀၀ ကို အင်အား ၇၅၀ ဖြင့် စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ကိုဆက်(ပြန်/ဆက်)**

## ဇလွန်မြို့နယ်၌ MEVM မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားကျင်းပ

**ဇလွန် ဩဂုတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မဲဆန္ဒရှင်များအား MEVM မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားကို ဩဂုတ် ၁၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ခိုင်စိုးက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်အိသဇင်အောင်က မဲဆန္ဒရှင်ပြည်သူများအား မဲပေးစက်၏ ဖွဲ့စည်းတည်ဆောက်ပုံ MEVM စက်ဖြင့် စမ်းသပ်မဲပေးမှုအဆင့်ဆင့် လုပ်ငန်းစဉ်များကို Power Point ဖြင့် ရှင်းလင်းပြောကြားသည်။ ယင်းနောက် တက်ရောက်လာကြသည့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့များ၊ မဲဆန္ဒရှင်ပြည်သူများက တစ်ဦးချင်း လက်တွေ့စမ်းသပ် မဲပေးခဲ့ကြသည်။

**ဝေယံ(ပြန်/ဆက်)**



## ဒေးဒရဲမြို့နယ်၌ ဆန္ဒမဲပေးနိုင်ရေး မဲပေးစက်ဆိုင်ရာ အသိပညာပေးရှင်းလင်းခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားကျင်းပ

**ဒေးဒရဲ ဩဂုတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်အတွင်း၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးရာတွင် အချိန်ကြန့်ကြာမှုမရှိဘဲ အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေး မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားကို ဩဂုတ် ၁၈ ရက်က အမှတ် (၁) ရပ်ကွက် သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြသိန်းမောင်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသိန်းဝင်းက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခြင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးရဲမြင့်ခိုင်က ရွေးကောက်ပွဲဆိုင်ရာဥပဒေများနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဦးစီးအရာရှိ ဦးအောင်မြတ်သူက မြန်မာအီလက်ထရောနစ်မဲပေးစက် စနစ်တကျအသုံးပြု၍ ဆန္ဒမဲပေးခြင်းလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များနှင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီဝင်များ၊ မဲဆန္ဒရှင်ပြည်သူများက မြန်မာအီလက်ထရောနစ်မဲမေးစက်ဖြင့် စမ်းသပ်မဲပေးခဲ့ကြကြောင်း သိရသည်။

**အေဇာလင်း**

## လေးမျက်နှာမြို့နယ်၌ မဲပေးစက်ဆိုင်ရာအသိပညာပေးခြင်း အခမ်းအနားကျင်းပ



**လေးမျက်နှာ ဩဂုတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် အမှတ်(၁)ရပ်ကွက် ပြည်ငြိမ်းအေးဓမ္မာရုံ၌ ယနေ့နံနက်ပိုင်းက မဲဆန္ဒရှင်များအား မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားကျင်းပသည်။ **(ဝဲပုံ)**

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးငြိမ်းမောင်မောင်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးဝေဖြိုးထက်က MEVM စက်ဖြင့် စမ်းသပ်မဲပေးမှုအဆင့်ဆင့်လုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။ ထို့နောက် အခမ်းအနားတက်ရောက်လာသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့ သရုပ်ပြ မဲပေးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၀**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုတို့တွင် ဩဂုတ် ၂၀ ရက်အထိ သေဆုံးသူ ၃၇၇၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၂၉ ဦး ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အနေဖြင့် ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၅၇ ဦးကို ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက် သတင်းထုတ်ပြန်ပေးသွားမည် ဖြစ်သည်။

**သတင်းစဉ်**

## လယ်ဝေးမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးဟောပြော

**နေပြည်တော် ဩဂုတ် ၂၀**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများကို ဩဂုတ် ၁၈ ရက်က အမှတ်(၃)ရပ်ကွက် ဓမ္မာရုံ၌ ဆောင်ရွက်ခဲ့ရာ အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၃) ရပ်ကွက်များမှ ပြည်သူများ တက်ရောက်ကြသည်။



အဆိုပါ အသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း လုပ်ငန်း ဆောင်ရွက်ရာသို့ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး သွားရောက်ကြည့်ရှုပြီး မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ် မဲပေးစက်များကို သက်ဆိုင်ရာမဲဆန္ဒနယ် အသီးသီးရှိ မဲဆန္ဒရှင်ပြည်သူများ လက်တွေ့အသုံးပြုနိုင်စေရန်အတွက် အသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခြင်း ဖြစ်ကြောင်း ပြောကြားသည်။

မဲပေးစက်ဆိုင်ရာ အသိပညာပေးနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းလုပ်ငန်းများကို လယ်ဝေးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် ဩဂုတ် ၁၈ ရက်မှ စတင်ဆောင်ရွက်လျက်ရှိပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**

## ရွှေကြို့မြေဘိုးဘွားရိပ်သာမှ ဘိုးဘွားများအား UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**ကြို့ပင်ကောက် ဩဂုတ် ၂၀**

ကြို့ပင်ကောက်မြို့နယ် ရွှေကြို့မြေဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား Biometric data ကောက်ယူ၍ UID(Smart Card) များ ကွင်းဆင်း ဆောင်ရွက်ပေးခြင်းကို ယမန်နေ့က ဆောင်ရွက်ခဲ့သည်။

အဆိုပါ Biometric data ကောက်ယူ၍ UID (Smart Card) များ ထုတ်ပေးခြင်းနှင့် ရိပ်သာအိမ်ထောင်စုစာရင်း ပြုလုပ်ပေးခြင်းကို ဆောင်ရွက်ပေးပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ဇေယျနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးတို့က ဘိုးဘွားများအား ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



## နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၁ ရက်မှ ၁၇ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၃၇ ဒသမ ၁၀၃၆ တန်၊ သစ်မာ ၅ ဒသမ ၅၄၆၈ တန်၊ အခြား ၂၂ ဒသမ ၁၁၄၇ တန်၊ စုစုပေါင်း ၆၄ ဒသမ ၇၆၅၁ တန်၊ ယာဉ်/ယန္တရား ၁၂ စီး၊ တရားခံ ၂၀ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၅ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပေါင်မြို့နယ် ပန်းကုန်းကျေးရွာ၌ မော်တော်ယာဉ် ၁၀ စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၈၂ မျိုး၊ လူသုံးကုန်ပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၇၈၅၉၀၂၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck ငါးစီး၊ Nissan Diesel Truck သုံးစီး၊ Isuzu Giga Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၈၅၉၀၂၀၀ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၈ ရက်တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ဝ ဒသမ ၈၆၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၉၃၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ နီလာရပ်ကွက်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် လူသုံးကုန်ပစ္စည်း ၂၇ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၆၃၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တိုက်ကြီးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ဝ ဒသမ ၁၀၂ တန်၊ သစ်မာ ဝ ဒသမ ဝ၉ တန်နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် မော်တော်ဆိုင်ကယ် နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၈၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ဩဂုတ် ၁၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သထုံမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၅၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့်Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၉၇၅ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၇၃၈၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၉၉၃၀၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၄၉၅၆၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၄၉၅၆၀၀ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တာချီလိတ်–ဝမ်ပုံကားလမ်း၊ ခုတ်ခိုကျေးရွာအနီးရှိ ခြံဝင်းတစ်ခုအတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းရှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ လေးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၆၈၈၄၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၉ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် သုံးစီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၂၃ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၅ ရက်၊ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၄၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၇၄၈၇၁၃၀) ကိုဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင် တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **သတင်းစဉ်**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မော်လမြိုင်ကျွန်းမြို့နယ်၌ မိုးစပါးရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် ဓာတ်မြေသြဇာပေးအပ်ပွဲကျင်းပ




**မော်လမြိုင်ကျွန်း ဩဂုတ် ၂၀**

ဧရာဝတီ တိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးရေတော်မိုးတော်ထွန်တုံးပိတ်ပွဲနှင့် မိုးစပါးမျိုးစေ့ထုတ် တောင်သူများအား ဓာတ်မြေသြဇာပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၉ ရက်က မရဲ့အုန်းပင်စုကျေးရွာ၌ ကျင်းပသည်။

ဦးစွာ လယ်ယာဝန်ကြီးဌာနခရိုင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦး၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ အတွင်းရေးမှူး ဦးသိန်းငွေနှင့် တာဝန်ရှိသူများသည် မရဲ့အုန်းပင်စု ကျေးရွာရှိ ကွင်းအမှတ်-၁၁၈၅/ခ၊ ဦးပိုင်အမှတ်-၁၀/၁၊ တောင်သူ ဦးတင်အောင်သန်း၏ လယ်ဧရိယာ ၂ဒသမ ၅ ဧကတွင် အောင်နိုင်တိုးစပါးမျိုးစိုက်ပျိုးပြီးစီးမှု ထွန်တုံးပိတ်ပွဲကို ကြည့်ရှုအားပေးသည်။

ထို့နောက် ၂၀၂၅ ခုနှစ် မိုးစပါးမျိုးစေ့ထုတ် တောင်သူများအား ဓာတ်မြေသြဇာ ပေးအပ်ပွဲအခမ်းအနားကျင်းပရာ တောင်သူများအား ယူရီးယားဓာတ်မြေသြဇာများ ပေးအပ်ပြီး တောင်သူများအားလုံး ကိုယ်စား တောင်သူ ဦးတင်အောင်သန်းက ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့ကြောင်း သိရသည်။ **ရဲကိုမောင်(ပြန်/ဆက်)**



## မြဝတီမြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

**မြဝတီ ဩဂုတ် ၂၀**

ကျောင်းသား ကျောင်းသူ လူငယ်များ ဗဟုသုတဖွံ့ဖြိုးစေရန် ... 

ကျောင်းသား ကျောင်းသူ လူငယ်များ ဗလငါးတန်ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ဩဂုတ် ၁၉ ရက်က မြဝတီမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးမိုးကျော်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်အားကစား၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့် စာပေ၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် သဘာဝပတ်ဝန်းကျင် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။

လူငယ်စကားဝိုင်းသို့တက်ရောက်ခဲ့ကြသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ပြသထားသော အသိပညာပေးနံရံကပ်၊ စာအုပ်စာစောင်များအား လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

## ကန့်ဘလူမြို့၌ ကျောင်းကျန်းမာရေးသီတင်းပတ် အခမ်းအနားကျင်းပ



**ကန့်ဘလူ ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့၌ ခရိုင်/မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်နှင့် ကျောင်းကျန်းမာရေးသီတင်းပတ် အခမ်းအနားကို ဩဂုတ် ၁၈ ရက်က အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ကျန်းမာရေးဆရာမ ဒေါ်ဝင်းဝင်းမြင့်၊ သားဖွားဆရာမဒေါ်ထိုက်ထိုက်နိုင်ရည်နှင့် ငှက်ဖျားတိုက်ဖျက်ရေးဌာန ဆရာဦးစံဝင်းတို့က ခြင်ကြောင့် ဖြစ်ပွားတတ်သော ရောဂါများအကြောင်း အသိပညာပေး ဟောပြောသည်။

ထို့နောက် KG ကျောင်းသားကျောင်းသူများအား ကိုယ်အလေးချိန်ခြင်း၊ အရပ်တိုင်းတာခြင်း၊ သွားနှင့်ခံတွင်း သန့်ရှင်းရေးနှင့် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးခြင်းများ၊ KG တန်းမှ G- 12 ကျောင်းသား ကျောင်းသူများအား သန်ချဆေး တိုက်ကျွေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၌ မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားကို ဩဂုတ် ၁၈ ရက်တွင် ကျင်းပရာ မဲဆန္ဒရှင် ပြည်သူ ၁၀၇၅ ဦး လက်တွေ့စမ်းသပ်မဲပေးစဉ်။ ဝင်းဗိုလ်(ပြန်/ဆက်)

## အလုံမြို့နယ်၌ ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၂၀**




အလုံမြို့နယ်၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုကို ကျောင်းများသို့ ကွင်းဆင်း၍ ဩဂုတ် ၁၇ ရက်က ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသဇင်ခိုင် ဦးဆောင်သော ကျန်းမာရေး ဝန်ထမ်းများက အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ အလယ်တန်းကျောင်းသား ကျောင်းသူများအား ကျန်းမာရေးအတွက် မေးခွန်း ၁၀၀ ကို အဖြေတိုက်ဆိုင်စစ်ဆေးပေးခြင်းတို့ ဆောင်ရွက်သည်။

ထို့ပြင် ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ကျောင်းသား ကျောင်းသူများ၏ အိမ်သုံးဆားများတွင် အိုင်အိုဒင်းဓာတ်ပါဝင်မှု ရှိ၊ မရှိ စစ်ဆေးပေးခြင်း၊ အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်း၌ ပညာရေးဌာနနှင့် ပူးပေါင်း၍ ကျောင်းတွင်းအာဟာရ ကျွေးမွေးခြင်းတို့ကို ဆောင်ရွက်သည်။ **ယောရော(ပြန်/ဆက်)**



ပခုက္ကူမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုနည်းသရုပ်ပြပွဲကို ဩဂုတ် ၁၈ ရက်တွင် ကျင်းပရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဦးစီးအရာရှိ ဦးအောင်ကျော်ဝင်းနှင့် ဝန်ထမ်းများက လက်တွေ့သရုပ်ပြစဉ်။ ဘာမီသာ(ပခုက္ကူ)

## တံတားမြို့၌ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်ပြသခြင်း ဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၂၀**

ရန်ကုန်တိုင်းဒေသကြီး တံတားမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၌ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင် ပြသခြင်းကို ဩဂုတ် ၁၈ ရက်က ဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးနံရံကပ်စာစောင်တွင် လူကုန်ကူးမှုဖြစ်ပွားစေသော အဓိကအကြောင်းရင်းများ၊ လူကုန်ကူးခံရခြင်းကြောင့် ရရှိလာသော ဆိုးကျိုးများ၊ လူကုန်ကူးသူများ အသုံးပြုသောနည်းလမ်းများ၊ လူကုန်ကူးမှုမခံရစေရန် ဆောင်ရန် ရှောင်ရန်အချက်များ စသည့်အကြောင်းရင်းများပါဝင်ပြီး ကျောင်းသား ကျောင်းသူများ စိတ်ဝင်စားစွာ လာရောက်လေ့လာကြည့်ရှုခဲ့ကြောင်းသိရသည်။ **ကျော်ဆန်း**





## ဘိုကလေးမြို့နယ်၌ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့မှုများ ဆောင်ရွက်

**ဘိုကလေး ဩဂုတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၈ ရက်က ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေထောက်ပံ့ရေးကော်မတီမှ လွှဲပြောင်းပေးပို့လာသော ထောက်ပံ့ငွေများ ပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်နှင့် ကော်မတီဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခိုင်သီတာမြင့်နှင့် အဖွဲ့ဝင်များက ဘိုကလေးမြို့နယ်အတွင်း ရပ်ကွက်ခြောက်ခုနှင့် ကျေးရွာအုပ်စု ၁၁ စုမှ ယာယီနေရပ်စွန့်ခွာပြည်သူ ၈၉ ဦးအား တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် ၈၉ ဦးအတွက် စုစုပေါင်းငွေကျပ် ၅၃၄၀၀၀၀ နှင့် ၎င်း ၈၉ ဦးအနက်မှ ကျောင်းနေအရွယ် ကျောင်းသား ကျောင်းသူ ၃၁ ဦးအား တစ်ဦးလျှင် ကျောင်းဝတ်စုံအဖြူအစိမ်း တစ်စုံစီနှင့် ဗလာစာအုပ်တစ်ဒါဇင် ထပ်ဆောင်းထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မိုးစက်(ဘိုကလေး)**

## လှိုင်သာယာမြို့နယ်၌ ခရိုင်အဆင့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်

**ရန်ကုန် ဩဂုတ် ၂၀**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်၊ မင်္ဂလာဒုံခရိုင် မီးသတ်ဦးစီးဌာနမှ ခရိုင်အဆင့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း (၂/၂၀၂၅) ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် ခရိုင်မီးသတ်ဦးစီးဌာနရုံး ခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရဲထွန်းဇော်၊ ခရိုင်အဆင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်အဆင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်း အဖွဲ့ခေါင်းဆောင်များ၊ အင်းစိန်ခရိုင်အတွင်း မြို့နယ်များမှ သင်တန်းသားများ တက်ရောက်ကြ သည်။



အဆိုပါသင်တန်းကို သင်တန်းသား ၁၀၀ တက်ရောက်ပြီး သင်တန်းကာလမှာ ၁၄ ရက်ကြာ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သန်း(ပြန်/ဆက်)**

## လက်ပံတန်းမြို့နယ်၌ သဘာဝမြစ်ချောင်းများအတွင်း ငါးမျိုးစိုက်ထည့်

**လက်ပံတန်း ဩဂုတ် ၂၀**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ခုနှစ်အတွက် သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မိုးအိုင်ကျေးရွာအုပ်စု တာဆိပ်ချောင်းအတွင်းသို့ ငါးမျိုး တစ်သိန်းကျော်စိုက်ထည့်ပေးသည်။



ဒေသတွင်း ငါးစားသုံးမှုဖူလုံပိုလျှံရေး၊ ငါးသယံဇာတများ ရေရှည်တည်တံ့ရေး၊ ဒေသခံပြည်သူများ ငါးရိက္ခာကို ပိုမိုစားသုံးနိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေနိုင်ရေးအတွက် မြစ်ချောင်း အင်းအိုင်ဆည်တမံ သဘာဝရေပြင်များအတွင်း ငါးမျိုးများ စိုက်ထည့်ပေးခြင်းဖြစ်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးနေမင်းအောင်နှင့် တာဝန်ရှိသူများက ငါးခုံးမကြီးကောင်ရေ ၅၀၀၀၀၊ ငါးမြစ်ချင်းကောင်ရေ ၅၀၀၀၀၊ ငါးခေါင်းပွကောင်ရေ ၂၀၀၀၀ စုစုပေါင်းကောင်ရေ ၁၂၀၀၀၀ ကို တာဆိပ်ချောင်းအတွင်း ငါးမျိုး စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နတ်မောက်မြို့၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**နတ်မောက် ဩဂုတ် ၂၀**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၌ ကျောင်းသား ကျောင်းသူများ အသိပညာ ဗဟုသုတပြည့်ဝစေရန် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ ယမန်နေ့က ဆောင်ရွက်သည်။

အဆိုပါ လူငယ်ရေးရာ ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒေါ်သိမ့်သိမ့်မိုး ဦးစီးအရာရှိ (တွဲဖက်) က ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဗလနှင့် ပြည့်စုံသည့် လူငယ်လူရွယ်များ ဖြစ်လာစေရန် လေ့လာသင်ယူစေချင်ကြောင်း၊ နိုင်ငံ၏ အနာဂတ်တာဝန်များကို ပခုံးပြောင်း ထမ်းဆောင်ကြမည့် ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များအနေဖြင့် အသိဉာဏ်ပညာ ဗဟုသုတများ ပြည့်စုံကြွယ်ဝပြီး မိမိရည်မှန်းထားသည့် ဘဝများ ပိုင်ဆိုင်ရန်အတွက် ကျောင်းစာကို သင်ယူနေကြပြီး ပြင်ပဗဟုသုတများကို လေ့လာစေချင်ကြောင်းနှင့် လူငယ်များ အတွေးအခေါ်မှန်ကန်စေရေး၊ အသိပညာ၊ အတတ်ပညာဖြင့် ပြည့်စုံသော လူငယ်များ ဖြစ်စေရန်အတွက် ယခုလို လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ရခြင်း ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက လူငယ်အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မူမူစန်း**



## ငဖဲမြို့နယ်၌ ဆီထွက်သီးနှံမိုးနေကြာ ဧက ၄၆၀ စိုက်ပျိုးပြီးစီး

**ငဖဲ ဩဂုတ် ၂၀**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် စိုက်ပျိုးရေးညှိနှိုင်းကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် ဒေသတွင်း စားသုံးဆီဖူလုံစေရေးအတွက် ကျေးရွာအုပ်စုများတွင် ဆီထွက်သီးနှံမိုးနေကြာ စိုက်ဧက ၄၆၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ရာ နေကြာသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

နေကြာသီးနှံစိုက်ပျိုးရာတွင် ကျေးရွာအုပ်စု ၁၅ အုပ်စုမှ တောင်သူများ၏ ယာမြေများ၌ အထွက်နှုန်းကောင်းမွန်သည့် ဆင်းရွှေကြာ (၂) မျိုးနှင့် အပင်ပေါက်ရာခိုင်နှုန်းမြင့်မားပြီး အပင်သန်စွမ်း ကောင်းမွန်သည့် ရေဆင်းစပ်မျိုး (၁) မျိုးများကို ၄၅၆ ဧက စိုက်ပျိုးရန်လျာထားရာ ယနေ့အထိ ဆင်းရွှေကြာ (၂) ဧက ၄၄၀ နှင့် ရေဆင်းစပ်မျိုး (၁) ဧက ၂၀ စုစုပေါင်း ဧက ၄၆၀ ကို ဒေသတွင်း စားသုံးဆီ ဖူလုံစေရေးအတွက် လျာထားချက်ထက် ပိုမိုစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်းနှင့် ယခင်နှစ်က မိုးသီးနှံနေကြာ ၄၁၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကအထွက်နှုန်း ၁၆ ဒသမ ၇၇ တင်း ထွက်ရှိကြောင်း သိရသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လိုအပ်သော မျိုးကောင်းမျိုးသန့်များ ရရှိနိုင်ရေးအတွက် ဆင်းရွှေကြာ(၂) ၄၅ ဧကနှင့် ရေဆင်းစပ်မျိုး (၁) ၁၅ ဧက စုစုပေါင်း မျိုးစေ့ထုတ်ဧက ၆၀ စိုက်ပျိုးထားရှိကြောင်းတောင်သူများအနေဖြင့် ဆီထွက်သီးနှံ မိုးနေကြာအပင်ကြီး ထွားဖြစ်ထွန်းရေး၊ အပွင့်အရွယ်အစားကြီးမားစေရေး၊ အစေ့အဆန်အောင်မြင်စေရေးတို့အတွက် လိုအပ်သောသွင်းအားစုများ စနစ်တကျ ထည့်သွင်းပေးရေး၊ အပင်ပြုစုစောင့်ရှောက်ရေးနည်းစနစ်များ၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး နည်းလမ်းများနှင့် စနစ်တကျရိတ်သိမ်းနည်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်သိန်းနှင့် ဝန်ထမ်းများက ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မယု(ငဖဲ)**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## စလင်းမြို့နယ်၌ တိရစ္ဆာန်ကျန်းမာရေး လုပ်သား(မွမ်းမံ)သင်တန်းဖွင့်

**စလင်း ဩဂုတ် ၂၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ဩဂုတ် ၁၉ ရက်က တိရစ္ဆာန်ကျန်းမာရေးလုပ်သား (မွမ်းမံ)သင်တန်းကို ဖွင့်လှစ်သည်။

ဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး ဦးစီးမှူး ဒေါက်တာ အောင်သူရက တိရစ္ဆာန်ကျန်းမာရေး လုပ်သား(မွမ်းမံ) သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒေါက်တာ ကျော်မျိုးသူက ဒေသခံပြည်သူများအား ကောင်းမွန်၍ ကျန်းမာကြံ့ခိုင်သော တိရစ္ဆာန်မွေးမြူရေး လုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးနိုင်ရန်နှင့် မွေးမြူရေးလုပ်ငန်းမှ မိသားစုဝင်ငွေများ တိုးပွားလာစေရန် ရည်ရွယ်၍ မွေးမြူရေးနှင့် ပတ်သက်သည့် ကူးစက်ရောဂါများကို ကာကွယ်ထိန်းချုပ်ရေးနှင့် မွေးမြူရေးပညာပေး သင်ခန်းစာများကို သင်ကြားပို့ချခဲ့သည်။

အဆိုပါ သင်တန်းကို ဩဂုတ် ၁၉ ရက်မှ ၂၁ ရက်အထိ သင်ကြားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**မောင်လွင်(စလင်း)**



## ကျိုက်လတ်မြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြော

**ကျိုက်လတ် ဩဂုတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြင့်မားရေးနှင့် အသိပညာဗဟုသုတများ တိုးပွားစေရန် ရည်ရွယ်၍ အသိပညာပေး ဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြသပွဲကို ဩဂုတ် ၁၉ ရက်က အမှတ်(၅) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရီရီမြင့်က သဘာဝဘေးအန္တရာယ်အကြောင်း သိကောင်းစရာများ၊ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများ၊ လူကုန်ကူးမှုအကြောင်း သိကောင်းစရာများကို အသိပညာပေး ဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် သုတ၊ ရသ စာအုပ်စာစောင်များ၊ သဘာဝဘေးအန္တရာယ်အကြောင်းနှင့် သက်ဆိုင်သည်များ၊ မီးခိုးမြူငွေ့အန္တရာယ် ဝိုင်းဝန်းစုပေါင်းဒို့ကာကွယ်နှင့် ပတ်ဝန်းကျင်သာယာဖို့ စနစ်တကျအမှိုက်စွန့်ပစ်ကြပါစို့ သိကောင်းစရာ အသိပညာပေး နံရံကပ်စာစောင်များကို ပြသပေးခဲ့ရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

**လှိုင်မင်းအောင်**



## အာမခံကြေးပေးသွင်းခြင်းဆိုင်ရာ အသိပေးကြေငြာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်အတွင်းရှိ သစ်တောနယ်မြေများ၌ ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်ခွင့်ရရှိကြသည့် လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းအာမခံကြေး (၁)ကေလျှင် (၅၀,၀၀၀/-)ကျပ်နှုန်းဖြင့် ဝန်ခံကတိလက်မှတ်ရေးထိုးကာ မြန်မာ့စီးပွားရေးဘဏ် အင်းစိန်မြို့နယ်သို့ ပေးသွင်းခဲ့ကြပြီး ယခုအခါ အာမခံကြေး သက်တမ်းများ ကျော်လွန်နေပြီဖြစ်ပါသဖြင့် သက်တမ်းတိုးနိုင်ရေး ယခုသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ရှိရာ ခရိုင်/မြို့နယ် သစ်တောဦးစီးဌာနများသို့ ဆက်သွယ်ပေးသွင်းကြရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဌာနလုပ်ထုံး လုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေငြာအပ်ပါသည်။

**ရန်ကုန်မြောက်ပိုင်းခရိုင်၊ သစ်တောဦးစီးဌာန**
**ဖုန်း-၀၉၂၅၃၀၉၂၀၂၉**

| စဉ် | လုပ်ငန်းရှင်အမည် | လိပ်စာ | ကြိုးဝိုင်း/ အကွက်အမှတ် | ကေ |
|---|---|---|---|---|
| ၁ | ဦးတင်မောင်လှိုင် | (၁၀)ရပ်ကွက် ပန်းပဲတန်းမြို့နယ် | ဝါးနက်ချောင်း (၁၀၄၊ ၁၀၅) | ၁၉ |
| ၂ | ဦးစောဘောစကို | ဖွဲ့မူကျေးရွာ၊ တိုက်ကြီးမြို့နယ် | လှိုင်ရိုးမ(၂)(၂၅) | ၂၀ |
| ၃ | ဦးဝင်းရွှေ | မင်းလှဝအုပ်စု ၊ တိုက်ကြီးမြို့နယ် | လှိုင်ရိုးမ(၂)(၂၅) | ၂၀ |
| ၄ | ဒေါ်အိသက်ခိုင် | ဖောမိကုန်းရပ်ကွက်၊ တိုက်ကြီးမြို့နယ် | လှိုင်ရိုးမ(၂)(၂၆) | ၂၀ |
| ၅ | ဦးညီညီကျော် | အလုံမြို့နယ်၊ စောရန်ပိုင်ရပ်ကွက်၊ နွယ်နီလမ်း | လှိုင်ရိုးမ(၂)(၂၆) | ၅၀ |
| ၆ | ဦးအောင်ကျော်လွင် | ဘီခိုကျေးရွာအုပ်စု၊ တွံတေးမြို့နယ် | လှိုင်ရိုးမ(၂)(၂၆) | ၅၀ |
| ၇ | ဦးချမ်းမြေအောင် | ကရင်ချောင်းကျေးရွာ၊ တွံတေးမြို့နယ် | လှိုင်ရိုးမ(၂)(၂၆) | ၅၀ |
| ၈ | ဦးဆန်းနိုင် | ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ် | လှိုင်ရိုးမ(၂)(၂၆) | ၅၀ |
| ၉ | ဦးဇော်မင်းထိုက် | လက်ခုတ်ကုန်းကျေးရွာ၊ ကွမ်းခြံကုန်းမြို့နယ် | လှိုင်ရိုးမ(၂)(၂၆) | ၅၀ |
| ၁၀ | ဦးရဲထက်အောင် | သဲဖြူချောင်းကျေးရွာ၊ မအူပင်မြို့နယ် | လှိုင်ရိုးမ(၂)(၂၆) | ၅၀ |
| ၁၁ | ဦးမြင့်နိုင် | ရန်ကင်းစင်တာ | လှိုင်ရိုးမ(၂)(၂၆) | ၅၀ |
| ၁၂ | ဒေါ်မို့မို့အောင် | ရွာမကျောင်းလမ်း၊ လှိုင်မြို့နယ် | လှိုင်ရိုးမ(၂)(၂၆) | ၂၀ |
| ၁၃ | ဦးမြိုင်သန်းတိုးဦး | ရွှေတောင်ကြား၊ ဗဟန်းမြို့နယ် | လှိုင်ရိုးမ(၂)(၂၈) | ၅၀ |
| ၁၄ | ဦးထွန်းအောင်ကျော် | နှင်းဆီကုန်း လမ်း၊ အလုံမြို့နယ် | လှိုင်ရိုးမ(၂)(၂၈) | ၅၀ |
| ၁၅ | ဒေါ်လီလီစိုး | နှင်းဆီကုန်း လမ်း၊ အလုံမြို့နယ် | လှိုင်ရိုးမ(၂)(၂၈) | ၅၀ |
| ၁၆ | ဦးကျော်ခိုင် | တောင်ဥက္ကလာပမြို့နယ် | လှိုင်ရိုးမ(၂)(၂၅) | ၂၀ |
| ၁၇ | ဦးစိုးမင်းကျော် | မုဒိတာအိမ်ယာ(၂)၊ အင်းစိန်မြို့နယ် | ဥက္ကံ(၃၀၊၃၁) | ၂၀ |
| ၁၈ | ဦးထွန်းထွန်းကျော် | (၁၀)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း | မြောက်လှိုင်ရိုးမ(၁၅) | ၁၄ |
| ၁၉ | ဦးသိန်းခိုင် | ဇေကမ္ဘာဝန်း၊ မင်္ဂလာဒုံမြို့နယ် | လှိုင်ရိုးမတောင်ပေါ်(၂)(၂၆) | ၂၀ |
| ၂၀ | ဦးထွန်းထွန်းဇော် | (၄)ရပ်ကွက်၊ လှိုင်မြို့နယ် | လှိုင်ရိုးမတောင်ပေါ်(၂)(၂၈) | ၃ |
| ၂၁ | ဦးဘိုဘိုအောင် | ပုလဲ(၃)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ် | လှိုင်ရိုးမတောင်ပေါ်(၉) | ၄၀ |
| ၂၂ | ဒေါ်ညွန့်ညွန့်ကြည် | သီရိမင်္ဂလာလမ်း၊ အင်းစိန်မြို့နယ် | လှိုင်ရိုးမတောင်ပေါ်(၂)(၂၅) | ၅၀ |

## ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့နယ်၊ သမင်သတ်ရွာနေ ဦးပေါ်မောင်၏သမီး မပြည့်ဆန်း ၅/ယမပ(နိုင်)၁၁၇၄၉၉၏ နိုင်ငံကူးလက်မှတ် MB-142397 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၉၈၁၂၄၃၆

## ဖခင်အမည်မှန်

ကျွန်းလှမြို့၊ အထက (ကျွန်းလှ) Grade-10 မှ မအိမြတ်မွန် ၅/ကလန(နိုင်)၀၉၃၇၈၀ ၏ ဖခင်ဦးသောင်းဟန်၏ အမည်မှန်မှာ ဦးသိန်းဟန် ၅/ကလန(နိုင်)၀၄၄၀၅၉ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6H/7975 Mitsubishi Canter FD70AB, L/T(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မျိုးဆွေ ၁၃/နခတ(နိုင်)၀၅၈၆၅၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## အလိမ္မာ စာမှာရှိ

## မကွေးမြို့ မြသလွန်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

၁၃၈၇ ခုနှစ် သီတင်းကျွတ်လဆန်း (၁၀) ရက်မှ သီတင်းကျွတ်လပြည့်ကျော် (၁၄)ရက်ထိ (၁-၁၀-၂၀၂၅ မှ ၂၀-၁၀-၂၀၂၅ ရက်ထိ) (၂၀)ရက်ကျင်းပပါမည်။ ဈေးရောင်းချလိုသူများနှင့် ဇာတ်/အငြိမ့်/ ဘားဆပ်ကပ် တင်ဆက်ကပြလိုသူများအနေဖြင့် ၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၉) ရက် (၁၅-၉-၂၀၂၅) ရက် နောက်ဆုံးထား၍ မြသလွန်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့နှင့် ဆက်သွယ်ပါရန် အသိပေး ကြေညာအပ်ပါသည် ။

**မြသလွန်စေတီတော်**
**ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ၊ မကွေးမြို့**
**ဖုန်း -၀၉-၂၅၆၁၄၄၄၆၅၊ ၀၉-၂၅၆၁၄၄၄၆၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ရှမ်းစုမြောက်ရပ်ကွက်၊ ကွင်းအမှတ်(၂၇၊ ရှမ်းစုမြောက်ရပ်)၊ ဦးပိုင်အမှတ်(၄၈)၊ မြေဧရိယာ ၀ ဒသမ ၀၈၃ကေရှိမြေကွက်သည် မူလက ဒေါ်ဆူရင်ဒါပါးလ်ကော့ (ခ) ဘောဘီ အမည်ဖြင့် ၂၀-၁၁-၂၀၄၄ရက်အထိ မြေငှားဂရန် သက်တမ်းရရှိထားသောမြေကွက်ဖြစ်ပြီး ဂရန်အမည်ပေါက်သူ ဒေါ်ဆူရင်ဒါပါးလ်ကော့(ခ)ဘောဘီထံမှ ဦးဘီကရန်းဆင် က ၂၆-၅-၂၀၂၅ရက်စွဲပါစာချုပ် မှတ်ပုံတင်အမှတ်(၂၀၉/၂၀၂၅)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါ ဦးဘီကရန်းဆင် ၁/မကန (နိုင်) ၀၇၇၁၅၂ အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၄)၊ ကျောက်စိမ်း (၈)လမ်း၊ မြေကွက်အမှတ် (၉၂၇)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးတင်လှ (၁၂/ဥကမ (နိုင်) ၀၅၂၁၆၈) နှင့် ဒေါ်မေချယ်ရီကို (၉/အမဇ (နိုင်) ၀၅၇၆၁၈)တို့ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ဒေါ်မေချယ်ရီကို ပိုင်ဆိုင်သည့် မြေကွက်အမှတ် (၉၂၅)နှင့်ကပ်လျက် (၂၀ပေ × ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်မေချယ်ရီကို ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးပြည့်ဖြိုးအောင်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၈)၊ ကျွန်းရွှေမြိုင် (၂)လမ်း၊ မြေကွက်အမှတ် (၁၇၅၄/ခ)၊ အကျယ်အဝန်း (၂၀ပေ × ၆၀ပေ)ရှိ ဦးစိန်ဟန် (၁၂/ပဇတ (နိုင်) ၀၁၉၅၃၁) (N/RGN- ၀၀၂၉၇၀) အမည်ပေါက်ပါမစ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သန္တာလွင် (၁၂/တမန (နိုင်) ၁၀၁၆၉၂) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးပြည့်ဖြိုးအောင်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက် အမှတ်(ဘဘ-၁၃)၊ ဦးပိုင်အမှတ်(၃၉)၊ ၅၀x၅၁လမ်းကြား၊ ၁၁၄(စီ)လမ်းရှိ တော ဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်ဆွေ ၉/မရမ(နိုင်)၀၂၅၃၉၉ က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၀၁၀/၂၀၂၅-၂၀၂၆)ဖြင့်တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/မြောက်)၊ မြေကွက်အမှတ်(၁၅၃/ခ)၊ ဧရိယာ(၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ်(၁၅၃/ခ) မြို့မ (၁၄)လမ်း၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးမြသိန်း(ISN-၂၁၆၂၂၀) ၊ ဒေါ်ရင်မြိုင် ၁၂/သကတ(နိုင်) ၁၀၆၄၆၅ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးမြသိန်း(ခင်ပွန်း) ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် ၁၉၆၁/၂၀၂၄ (၂၇-၂-၂၀၂၄)ဖြင့်ပိုင်ဆိုင်သူ ဒေါ်သစ်သစ် ၁၂/ သကတ(နိုင်) ၀၆၈၃၀၇နှင့်ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ရင်မြိုင် ၁၂/သကတ(နိုင်) ၁၀၆၄၆၅တို့မှ ပိုင်ဆိုင်ကြောင်းစာချုပ်၊ နှစ်(၆၀)မြေငှား ဂရန်မူရင်းမှာ (၂၀၀၈)နာဂစ်မုန်တိုင်းကြောင့် ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ဂရန်မူရင်းသည် နာဂစ်မုန်တိုင်းကြောင့် ပျောက်ဆုံးသည်မှာမှန်ကန်ကြောင်း အုပ်ချုပ်ရေးမှူးနှင့် သာကေတမြို့မရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ ဂရန်မိတ္တူမှန် လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါ ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ ကွင်းအမှတ်(၃၂၊ ကချင်စုတောင်ရပ်)၊ ဦးပိုင်အမှတ် (၄၀၂)၊ မြေဧရိယာ ၀ ဒသမ ၁၀၆ကေရှိ မြေကွက်သည် မူလကဦးအောင်မင်း၊ဦးအောင်ဇော်ဝင်းအမည်ဖြင့် ၁၄-၉-၂၀၄၇ရက်အထိ မြေငှားဂရန် သက်တမ်းရရှိထားသောမြေကွက်ဖြစ်ပြီး၊ ဂရန်အမည်ပေါက်သူ ဦးအောင်မင်း၊ ဦးအောင်ဇော်ဝင်းတို့ထံမှ ဦးဇော်မင်းနိုင်၊ ဒေါ်ယော်မျှော်တို့က ၈-၅-၂၀၂၅ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ်(၁၉၂/၂၀၂၅)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအခါ ဦးဇော်မင်းနိုင် ၁/မကန(နိုင်)၀၀၄၂၈၈၊ ဒေါ်ယော်မျှော် ၁/မကန (နိုင်)၁၁၂၄၄၅အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအားဆောင်ရွက် မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ကွင်း/အကွက် အမှတ် (၄၅/မြမာလာ)၊ ဦးပိုင်အမှတ်(၁၀-ခ)၊ မြေဧရိယာ(၀.၁၂၇)ကေရှိ ဂရန်အမှုတွဲအမှတ် (၁၇၃၅/၁၉၉၄-၉၅)အရ ဒေါ်အာရှန် အမည်ပေါက် ဂရန်မြေကွက်အား ဒေါ်နန်းခင်မှ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား (မူရင်း)များဖြင့် ယနေ့မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက မြေအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြဖြူဖြူမင်း (စဉ်-၄၀၁၉၄) (အထက်တန်းရှေ့နေ)**
**(LL.B, D.B.L, D.I.L, I.P.Law)**
**ရပ်ကွက်ကြီး ( ၁၀ )၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၅၀၉၃၃၃၀**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်၊ အကွက် အမှတ်(၆၈၄)၊ ဦးပိုင်အမှတ်(၃၇)၊ ဧရိယာ(၀.၀၆၆၆)ကေအကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်စန်းရီ၏(ယောကျ်ားများဖြစ်ကြသော)ဆရာခင်(ခ)ဦးခင်-ဒေါ်ကျင်မြိုင်တို့ အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အထက်ဖော်ပြပါ ဂရန်မြေကွက်၏ ဂရန်စာချုပ်မူရင်းမှာ ကျွန်ုပ်မိတ်ဆွေ၏လက်ဝယ်တွင် အသိမ်းလွန်အထားမှား၍ ပျောက်ဆုံးသွားပါသည်။ ယခုအခါ ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ အထက်ဖော်ပြပါ ဂရန်မြေကွက်အား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနနှင့် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတို့တွင် အမွေဆက်ခံ/ဂရန်မိတ္တူ/သက်တမ်းတိုး/အမည်ပြောင်းတို့ လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီမူရင်းများဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ခင်စန်းရီ(ဘ) ဦးလေးမောင်** | **ဦးအောင်ကျော်ညွန့်(LL.B)** |
| **၉/မရတ(နိုင်)၀၇၁၂၅၇** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၂၅)** |
| **အကွက်(၆၈၄)၊** | **ဖုန်း၊ ၀၉-၉၈၄၀၀၆၈၈၈၊ ၀၉-၄၃၁၈၀၇၁၅** |
| **စကြာနွယ်စဉ်ရပ်ကွက်၊** | |
| **မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။** | |

## ကန့်ကွက်နိုင်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ တာဟန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ် ( အမှတ်-၅၊ ၁/ မြမာလာရပ်)၊ ဦးပိုင်အမှတ် (၁၅၂)၊ ဧရိယာ ၀ ဒသမ ၀၆၄ကေရှိ ဝန်းမြေအား ဦးလားရမ်းဒင့်နာ ၅/ကလထ (နိုင်)၂၆၁၃၁၅ သည် ၎င်းအမည်ပေါက် မြေငှားဂရန်သစ်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာချုပ်/စာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးရီထန်းပွီးယာ B.A, PGDL, LL.B (Q)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၄၀/၃၀-၁၁-၂၀၂၃)**
**အမှတ်(၆/၁)၊ မြို့လှရပ်ကွက်၊ ကလေးမြို့**
**ဖုန်း-၀၉-၄၀၀၅၀၃၇၉၊ ၀၉-၈၇၉၀၈၇၄၄၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကလေးခရိုင်၊ ကလေးမြို့နယ်၊ ဟဲဟိုးမြို့၊ အမှတ် (၂)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၆၁/အောင်ရတနာကျောင်း)၊ ဦးပိုင်အမှတ် (၈၇)၊ မြေကွက်အမှတ် (101)၊ ဧရိယာ ၀.၁၄၁ ကေရှိမြေအား ဒေါ်ခင်ခင်ထွေး(၁၃/ကလန(နိုင်)၀၂၅၇၇၆)အမည်ဖြင့် လူနေထိုင်ရန်အတွက် မြေငှားဂရန်သစ်လျှောက်ထားလာမှုအပေါ် မည်သူမဆိုကန့်ကွက်လိုပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက် သည့်ရက်အတွင်း ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားလာမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 73W/22392 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး၊**
**ဟသ်ာတမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကလေးခရိုင်၊ ကလေးမြို့နယ်၊ အောင်ပန်းမြို့၊ လှည်းရိုးရပ်ကွက်၊ ကွင်းအမှတ်(၃၅)၊ ဦးပိုင်အမှတ် (၁၁၇)၊ မြေဧရိယာ ၁၀.၂၄၁ ကေရှိမြေအား လှည်းရိုးစာသင်တိုက် အမည်ဖြင့် အခွန်လွတ်သာသနာ့ဂရန်ရရှိရေးအတွက် လှည်းရိုးစာသင်တိုက်၊ ကျောင်းထိုင်ဆရာတော်၏ ကိုယ်စား လှည်းရိုးစာသင်တိုက် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးဉာဏ်ထွန်း(ဘ)ဦးစံသိန်း (၁၃/ကလန(နိုင်)၁၁၈၄၅၇)မှ မြေငှားဂရန် (အခွန်လွတ်သာသနာ့ဂရန်) လျှောက်ထားလာမှုအပေါ် မည်သူမဆိုကန့်ကွက်လိုပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အတွင်း ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားလာမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/27057 Wanqiang-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသက်ထက်ဇော် ၅/စကန(နိုင်)၂၉၆၁၀၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

**MTSH MYANMAR THILAWA SEZ HOLDINGS PUBLIC CO. LTD.**

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

## ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး (12th Annual General Meeting ) ကျင်းပမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၁။ မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အစုရှယ်ယာရှင်များအား လေးစားစွာ အသိပေးအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၂၀၂၅ခုနှစ် ၊စက်တင်ဘာလ (၁၉)ရက် (သောကြာနေ့) |
| ကျင်းပမည့်အချိန် | - | နံနက် (၁၀ : ၀၀) နာရီတိတိ |
| ကျင်းပမည့်ပုံစံ | - | ZOOM Webinar |

၂။ ဒွါဒသမအကြိမ် (၁၂ကြိမ်) မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပပြုလုပ်မည့် အသေးစိတ်အချက်အလက်များအား ကုမ္ပဏီ၏ website https://mtshmyanmar.com တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၃။ အစည်းအဝေးတက်ရောက်ရန်မှတ်ပုံတင်ခြင်းနှင့်မဲပေးခြင်းတို့ပြုလုပ်နိုင်ရန် အတွက်အစုရှယ်ယာရှင်များမှ မှတ်ပုံတင်ထားသော တယ်လီဖုန်းနံပါတ်များသို့ website link ကို SMS ဖြင့် ပေးပို့သွားမည် ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက MTSH ၏ Investor Relations Department Phone No. 09-96999 7808,09-96999 7817 သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဒါရိုက်တာအဖွဲ့
မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ်
အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈)၊ အောင်ရိပ်သာ(၄)လမ်း၊ မြေကွက်အမှတ် (၃၉၄)၊ အကျယ်အဝန်း (၄၁ပေ × ၆၀ပေ)ရှိ ဒေါ်ချိုချိုမှာ (၁၂/တမန (နိုင်) ၀၄၆၉၂၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးသူထူးစံ (၁၂/ဒဂမ (နိုင်) ၀၃၀၁၈၃)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဦးပြည့်ဖြိုးအောင်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၀)၊ ထွန်းသီရိ (၆)လမ်း၊ မြေကွက်အမှတ် (၃၇၃/က)၊ အကျယ်အဝန်း (၂၆ပေ × ၆၀ပေ)ရှိ ဒေါ်အေးအေးမော် (၁၂/ဒဂန (နိုင်) ၀၀၀၃၅၁) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်အေးအေးမော် ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဦးပြည့်ဖြိုးအောင်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## အများသိစေရန်အသိပေးအကြောင်းကြား ကြေညာခြင်း

တောင်ကြီးခရိုင်၊ တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ ထီသိမ်ပတ်လမ်း၊ နယ်မြေ(၉)ရှိမြေသည် ဦးမျိုး(၁၃/တကန (နိုင်)၀၂၅၃၁၃)ပိုင်ဆိုင်ခဲ့ပြီး အဆိုပါမြေကွက်အတွင်းမှ အလျား (၁၂၀'x၁၂၀')၊ အနံ(၈၀'x၈၀')ကျယ်သောမြေအား တောင်ကြီးမြို့၊ အမှတ်(၂၄)၊ သပြေလမ်း၊ သစ်တောရပ်ကွက်တွင် နေထိုင်ခဲ့သော ဒေါ်သောင်းအေး (၆/မအရ(နိုင်)၀၄၂၆၄၄)ထံ ၂၀၁၁ခုနှစ်၊ ဇူလိုင်လ(၈)ရက်တွင် ဘုရားဖြူရပ်ကွက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရှေ့တွင် စာချုပ်ချုပ်ဆိုဝယ်ယူ ပိုင်ဆိုင်ခဲ့ပါသည်။ ဒေါ်သောင်းအေးထံ ၂၀၁၂ခုနှစ်၊ မတ်လ(၁)ရက်တွင် လိပ်မူပါမြေကွက်အား တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ ဓမ္မရက္ခိတလမ်း၊ အိမ်အမှတ်(၁၂၁)နေ ဦးစိုင်းကြည်သိန်း(၁၃/တကန(နိုင်)၁၄၆၂၉၅)သည်ကျပ်ငွေ (သိန်းခြောက်ဆယ်) ၆,၀၀၀,၀၀၀/-)ဖြင့် ဝယ်ယူခဲ့သည်မှာ မှန်ကန်ကြောင်း အများသိရှိစေရန် အသိပေးကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားသူ - ဦးစိုင်းကြည်သိန်း (၁၃/တကန(နိုင်)၁၄၆၂၉၅)၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသန္တာ(LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၀၄၂)**
**မိုင်တိုင်အမှတ်(၁၂၀)မှ ကွန်ပျူတာတက္ကသိုလ်သို့ဝင်သောလမ်း၊**
**(၄)မိုင်၊ တောင်ကြီးမြို့၊ ဖုန်း-၀၉-၄၁၀၀၉၃၄၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ယခင်ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ယခုဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၁)၊ မြေကွက်အမှတ်(၁၈၃၅)၊ အကျယ်အဝန်း (၄၀ပေ x၆၀ပေ)၊ မြေဧရိယာ (၂၄၀၀)စတုရန်းပေရှိ ဒေါ်စန်းကြည် (BZ-၀၀၇၃၉၃) အမည်ပေါက်ပါမစ်မြေကွက်နှင့်တကွ မြေပေါ်ရှိပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုဆက်စပ်ကတိစာချုပ်များအရ ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသူ ဒေါ်တင်တင်ဝင်း(၁၂/စခန(နိုင်)၀၄၇၂၅၀)မှ အပြီးအပိုင်ရောင်းချခွင့်ရှိကြောင်း ကတိပြု၍ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသဖြင့် ဖော်ပြပါမြေကွက်နှင့်အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီအရောင်းအဝယ်ကို ဆက်လက်၍ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မြင့်စန်း - B.A.(Law), LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၀၈၂)**
**တိုက်(၁၀/၁၂)၊ အခန်း (၁၀၄-H)၊ ၃၅လမ်း(တို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၅၂၁၂၁၊ ၀၉-၉၅၅၀၅၂၁၂၁**

## ဖောင်းကြွပျောက်ဆုံးထားခြင်း

ယာဉ်အမှတ် 4C/4267 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(တာချီလိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/5941, Honda Wave ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းဆွတ် ၁၃/တခလ(နိုင်) ၀၃၃၀၂၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(တာချီလိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/22773, SUZUKI SMASH-112,M/C ယာဉ်လက်ဝယ်ရှိသူ ဦးသက်ခိုင်ဝင်း ၈/ကမန(နိုင်)၀၇၁၈၀၀က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ လူနေရပ်ကွက်အမှတ်(သမိုင်း)၊ မြေကွက် အမှတ်(၂၇)၊ အကျယ်အဝန်း ဧရိယာ(၀. ၀၇၂)ဧကရှိ ဒေါ်ခင်ခင်အေး (၁၂/ဗဟန(နိုင်)၀၂၁၇၇၄)အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၈)၊ အောင်သိဒ္ဓိလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော (၂)ထပ်နေအိမ်တို့အား ဂရန်အမည်ပေါက်ထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ဂျီပီအမှတ်(၂၉၆၀၄/၂၀၁၉)အရ ကိုယ်စားလှယ်လွှဲစာရရှိထားပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ခင်စံပယ်သွင် (၁၂/ဗဟန(နိုင်)၀၀၂၃၁၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ၄င်းအိမ်၊ ခြံ၊ မြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်ဦး (LL.B) (စဉ် - ၁၂၄၆၉) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၁)၊ ပထမထပ်၊ ဗျိုင်းရေအိုးစင် လမ်း၊ တာမွေ မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း- ၀၉-၅၁၁၅၉၉၀၊ ၀၉-၄၂၀၀၈၆၆၆၈၊ ၀၉-၉၅၅၃၅၅၃၅၄**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်ခရိုင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ် ( ၅၂ )ရှိ မျက်နှာစာ(မြေညီ)၊ အကျယ်အဝန်းအားဖြင့် ( ၁၀x၁၅ ) ပေရှိသည့် တိုက်ခန်း၏ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"ကို တရားဝင်လက်ရှိ ထားပိုင်ဆိုင်၍ လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်စန်းညွန့် (၁၂/မဂတ(နိုင်) ၀၁၅၃၆၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် တရားဝင်နည်းလမ်းတကျစာချုပ်စာတမ်းချုပ် ဆို၍ ဝယ်ယူရန်အတွက် သဘောတူညီပြီး (၁၄-၈-၂၀၂၅ ) ရက်စွဲပါ -"နှစ်ဦးသဘောတူတိုက်ခန်း အရောင်းအဝယ်ပြုလုပ်ခြင်းဆိုင်ရာစရန်ငွေပေးကတိစာချုပ်"ချုပ်ဆို၍ အရောင်းအဝယ်ပြုလုပ်သော တိုက်ခန်း၏ တန်ဖိုးငွေများအနက် စရန်ငွေအချို့ ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်မာသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထား(မူရင်း)များအား ယူဆောင်၍ ယနေ့မှစ၍ (၇-ရက်)အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ချက်မရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးသီတာမော် (LL.B, D.B.L)**
**( တရားလွှတ်တော်ရှေ့နေ ) ( စဉ်-၈၄၂၉/၁၂ )**
**အမှတ်( ၉၉/၁၀၁ )၊ ကျောက်မြောင်းလမ်းနှင့် မလွှကုန်းလမ်းထောင့်၊**
**ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ သဃ်န်းကျွန်းခရိုင်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၄၃၁၂၄၊ ၀၉-၅၀၄၈၂၂၁**

## ဦးစံရွှေ (၁၂/ဗဟန(နိုင်)၀၃၄၄၅၆)နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆) ရပ်ကွက်၊ အင်းဝ (၁၉) လမ်း၊ အမှတ် ၆၄၀-က နေ၊ ဒေါ်တင်ဝင်း (၁၂/ဗဟန(နိုင်)၀၃၃၅၂၁) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည် -

ဦးစံရွှေနှင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်တင်ဝင်းတို့သည် မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူများ ဖြစ်ကြပြီး (၁၉၇၈) ခုနှစ်ခန့်မှစ၍ တရားဝင်အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခဲ့ရာ သားသမီး (၃) ဦး ထွန်းကားခဲ့ပါသည်။ ထိုသို့ပေါင်းသင်းခဲ့ရာ (၂၀၁၂) ခုနှစ်ခန့်မှစ၍ ဦးစံရွှေသည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်ဝင်းအား အကြောင်း မဲ့စွန့်ပစ်ခဲ့ပြီး ( ၁၃နှစ်ကျော်သည်အထိ အဆက်အသွယ်ပြုလုပ်ခြင်း၊ စားစရိတ်ထောက်ပံ့ခြင်း၊ ပြန်လည်ပေါင်းသင်းရန်ကြိုး ပမ်းခြင်းစသည့် လင့်ဝတ္တရားနှင့်အညီ ပြုမူဆောင်ရွက်ခြင်းများ လုံးဝမရှိခဲ့ပါသောကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်ဝင်းက အကြောင်းမဲ့စွန့်ပစ်သူ ဦးစံရွှေအား အကြင်လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့သဖြင့် ဤသတင်းစာကြော်ငြာပါသည့် ရက်မှစ၍လင်ခန်းမယားခန်းပြတ်စဲကြောင်း ဆန္ဒထုတ်ဖော်၍ ဦးစံရွှေ(၁၂/ဗဟန (နိုင်)၀၃၄၄၅၆) နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဇောဝေ (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၈၈၀)**
**အမှတ်- ၉၃/က၊ ဒုတိယထပ်၊ သုတလမ်း ၊ (၄ )ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း- ၀၉-၇၅၀၀၆၅၇၉၉၊ ၀၉-၇၇၇၄၇၃၄၄၅**

## တစ်ဦးတည်းဖြစ်ကြောင်း

မော်လမြိုင်မြို့၊ အမှတ် (၆) အခြေခံပညာ အထက်တန်းကျောင်း Grade-12(C)တန်းမှ မဆွေဆွေမျိုးကျော်၏ဖခင် ဦးချိုကြီးနှင့် ဦးအောင်ဝင်းဌေး ၁၂/လသယ(နိုင်)၀၂၂၂၈၁ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးချိုကြီး(ခ)ဦးအောင်ဝင်းဌေး**

## ဖခင်အမည်မှန်

ကျိုက်မရောမြို့နယ်၊ အထက တရနာကျောင်း Grade-12 မှ မင်းခန့်မင်းကို၏ ဖခင်အမည်မှန်မှာ မင်းရင်အောင် ၁၀/ကမရ (နိုင်) ၀၁၃၅၁၉ ဖြစ်ပါကြောင်း။

**မင်းရင်အောင်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် သ-၉၊ ဦးပိုင်အမှတ် (၅၃)၊ ၆၄x၆၅ ကြား၊ ၁၁၄x၁၁၅ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်သာထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၇၄၂/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နန်းစိုးစိန် ၁/မစန(နိုင်) ၀၂၉၀၉၄က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၂၀၃၄/၂၀၂၅-၂၀၂၆) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေရပ်ကွက်၊ အကွက်အမှတ် (၁၇၄)၊ ဦးပိုင်အမှတ်(၃-က)၊ ၈၀x၈၁ကြား၊ ၂၄x၂၅လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးဇော်ထွန်းဦး၏(SPရရှိသူ ဒေါ်မိုးနန္ဒာအေး)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၃၁၉၄/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သန်းစိုးထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၇၁၇/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးခင်မောင်သင်း ၅/မရန(နိုင်) ၁၄၀၂၈၈၈ အမှုတွဲအမှတ်(၀၂၄၅/ဘပြောင်း/၂၀၂၅-၂၀၂၆)ဖြင့်ဘိုးဘ၊အမည်ပြောင်းလျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် (ဠ-၈)၊ ဦးပိုင်အမှတ်(၁၃၆)၊၆၄x ၆၅ကြား၊ ၁၁၇x၁၁၈လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုးရ၏ (GPရရှိသူ ဦးမောင်မောင်သိန်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၇၃၇/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်လှဲ့ဝါစိုး ၉/မခန(နိုင်)၁၆၄၇၄၃ကတောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၂၀၂၉/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက်အမှတ် (၇၂၂)၊ ဦးပိုင်အမှတ် (၄၉-ဃ)၊ ၇၄လမ်း၊ ၂၇x၂၈ လမ်းကြားရှိ ဒေါ်သက်ကြည်အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၃၀၃၆/၂၀၂၃) ဖြင့် အမွေဆက်ခံခဲ့သော ဦးမြင့်ဦး၊ ဦးဝင်းမြင့်၊ ဒေါ်သောင်းသောင်းမြင့်၊ ဦးမြင့်ဟန်၊ ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်ခင်သက်ရင်၊ ဒေါ်မြင့်သက်ရင်တို့၏ (SP ရရှိသူ ဦးဘီရ်ချမ်း(ခ)ဦးခင်မောင်သန်း)ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၁၈၆၁/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဂျူမူး(ခ)ဂျူမူ ၅/ကသန(နိုင်)၀၅၃၈၀၁က အမှုတွဲအမှတ် (၀၂၄၆/ဘ(ပြောင်း)/၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ မြေကွက်အမှတ် ၁၁၈၁၊ မြေကွက်တည်နေရာအမှတ်(၁၁၈၁)၊ မဟောသဓာလမ်း၊ (၄၀) ရပ်ကွက်၊ ဒဂုံမြောက်၊ (ဒေါ်ခင်အေးမိ-AA -၀၇၉၅၉၉)အမည် ပေါက် နှစ်(၆၀) မြေငှားစာအုပ်ဂရန်မြေအား ဂရန်အမည်ပေါက်ဒေါ်ခင်အေးမိအား တရားပြိုင်ထားကာ ဒေါ်တင်မိုးမိုးနွှေးမှ တရားလိုပြုလုပ်၍ ဒဂုံမြို့သစ် ခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် ၂၅၇/၂၀၂၃ဖြင့် ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ခြင်းအပေါ် မူလ မြေကွက်ကြီး၏ (၄၀x၆၀)ပေ အနက်တရားဝင်မခွဲမစိတ်ရသေးသောခြေရင်းခြမ်း (၂၀x၆၀) ပေအား အနိုင်ဒီကရီချမှတ်သည့် ၅-၃-၂၀၂၄ရက်စွဲပါ စီရင်ချက်၊ ဒီကရီနှင့် တရားမဇာရီမှုအမှတ် ၅၈/၂၀၂၄တို့အရ တရားရုံးကိုယ်စား ဘီလစ် ဒေါ်ခင်ရူပလှိုင် ၇/ရကန(နိုင်) ၀၆၂၂၆၄မှ တရားရုံးအမိန့်၊ ဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်ကတ်တို့တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်း မှတ်ချက်ရှိ ၂၀၁၃ ခုနှစ် ဒေါ်ခင်အေးမိ၏ GP ရသူ ဦးဝင်းရှိန်မှ အရောင်း+မြေကွက်ခွဲ မြေပုံကူးလျှောက်ထားခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစေရာ တရားနိုင်ဖြစ်သူ ဒေါ်တင်မိုးမိုးနွှေးမှ မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်အေးမိ၏ GP ရသူ ဦးဝင်းရှိန်မှ အရောင်း+မြေကွက်ခွဲလျှောက်ထားခြင်းအား လုံးဝမသိပါကြောင်း၊ မြေကွက်မှာလည်း မိမိလက် ဝယ်ပိုင်ဆိုင်ထားပြီး ဂရန်မူရင်းမှာလည်း မိမိလက်ဝယ်တွင်ရှိကြောင်း၊ အရှုပ်အရှင်းပြဿနာပေါ်ပေါက်ပါက မိမိမှာသာ တာဝန်ရှိပြီး ဖြေရှင်းပေးမည်ဖြစ်ကြောင်း ဌာနဝင်စာဖြင့် ကျမ်းကျိန်လွှာပူးတွဲ၍ အရာရှိရှေ့လက်မှတ်ရေးထိုးတင်ပြလာပါသဖြင့် ဘီလစ်ဒေါ်ခင်ရူပလှိုင်မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)**

**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံးတော်**

**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၃၃**

၁။ ဦးရဲထွန်း နှင့် ၁။ ဦးတင်မောင်ဝင်း

၂။ ဒေါ်ထက်ထက်ဝင်း ၂။ ဦးညီညီခိုင်

(၂ တရားလိုကိုယ်တိုင်နှင့်

၁–တရားလို၏အခွင့်ရကိုယ်စားလှယ်)

**(တရားလိုများ)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၀)ရပ်ကွက်၊ အောင်မြင့်မိုရ်လမ်း၊ အမှတ်(၃)နေ ဦးတင်မောင်ဝင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၀/တိုးချဲ့)ရပ်ကွက်၊ အမှတ်–၂၇၁၅နေ ဦးညီညီခိုင် (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင့်တို့အပေါ်၌ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ ပြင်ဦးလွင်လမ်း၊ အမှတ် (၇၀၉)နေ တရားလို ဦးရဲထွန်းနှင့် ဒေါ်ထက်ထက်ဝင်းတို့က တရားလိုများ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသော ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၁၄၀/တိုးချဲ့)ရပ်ကွက်၊ မြေကွက်အမှတ်(၂၇၁၅)၊ မြေအကျယ်အဝန်း (၄၀x၆၀)ပေ၊ မြေချပါမစ်မြေကွက်အနက်မှ ခြေရင်းဘက်အခြမ်း (၂၀x၆၀) ပေအကျယ် မြေကွက်နှင့်မြေပေါ်ရှိ ဝါးကပ်များ ကာရံထားခြင်းကို ဖယ်ရှား၍ မြေကွက်ကို လက်ရောက်ပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ သြဂုတ်လ ၂၅ ရက်၊ (၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက် တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက် များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ သြဂုတ်လ ၁၃ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်မေဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက် အမှတ် ဓေ–၁၅၊ ဦးပိုင်အမှတ် ၄၈၊ ၆၁x၆၂ကြား၊ ၁၃၁x၁၃၂လမ်းကြားရှိ ဦးတင်ဝင်း အမည်ပေါက် တောဂရန်မြေကွက်အား၊ တရားလို ဒေါ်စန္ဒာလင်းက တရားပြိုင် ဦးတင်ဝင်းအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၂/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်စန္ဒာလင်း ၁၃/မရန(ပြု)၀၀၀၂၁၁က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

